# မြန်မာသတင်းမီဒီယာ စည်းမျဉ်းစနစ်များ

## လမ်းညွှန်မှတ်စု

## ၂၀၂၃ ဇွန်လ

CENTRE FOR LAW AND DEMOCRACY

Centre for Law and Democracy
info@law-democracy.org
+1 902 431-3686
www.law-democracy.org

မီဒီယာစည်းမျဉ်းစနစ်များ ဆိုသည်မှာ ပုံမှန်အားဖြင့် ကျင့်ဝတ်စည်းကမ်းများနှင့် စပ်လျဉ်းတည်ရှိနေသော မီဒီယာလုပ်ငန်းကျွမ်းကျင်မှုစံနှုန်းများကို သတ်မှတ်ပေးသည့် စနစ်များဟု အဓိပ္ပာယ်ရသည်။ စာနယ်ဇင်း သို့မဟုတ် မီဒီယာကောင်စီကဲ့သို့ လွတ်လပ်သော အဖွဲ့အစည်းတစ်ခုမှ တိုင်ကြားစာစနစ်မှတစ်ဆင့် ထိန်းကျောင်းကြီးကြပ်လေ့ရှိပြီး ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် တွေ့ရှိရသည်။ မီဒီယာစည်းမျဉ်းစနစ်များ ထိရောက်မှုရှိလျှင် မီဒီယာ၏ ပရော်ဖက်ရှင်နယ်ဆန်မှုကို မြှင့်တင်ပေးနိုင် သလို သတင်းမီဒီယာကျင့်ဝတ်ချိုးဖောက်ခြင်းများကြောင့် ဖြစ်ပေါ်သော နစ်နာမှုများကို သာမန်ပြည်သူများက ဖြေရှင်း ခွင့်ရရှိခြင်းကြောင့် ယေဘုယျအားဖြင့် မီဒီယာအပေါ် ယုံကြည်ထောက်ခံမှု တိုးတက်စေနိုင်သည်။

ယခုစာတမ်း[1]သည် ကမ္ဘာအနှံ့ရှိ သတင်းမီဒီယာစည်းမျဉ်းစနစ်များ မည်သို့မည်ပုံ အလုပ်လုပ်သည်ကို လေ့လာရန်ဖြစ်ပြီး ၎င်းတို့၏ အဓိက အင်္ဂါရပ်များနှင့် အကျိုးကျေးဇူးများကို ဖော်ပြထားသည်။ ဤစနစ်များသည် သတင်းမီဒီယာကို အမှားကျူးလွန်မိသည့်အတွက် အပြစ်ပေးခြင်းမျိုးထက် သတင်းမီဒီယာ ပရော်ဖက်ရှင်နယ်ဆန်မှုကို မြှင့်တင်ရန် ရည်ရွယ်ပုံဖော် ထားခြင်းဖြစ်ကြောင်း သတိပြုသင့်သည်။ ဤစနစ်များမှ အားပေးသည့် စံနှုန်းမျိုးနှင့် ကျင့်သုံးသည့် ညှိနှိုင်းဖြေရှင်းရေးနည်းလမ်းများမှာ စနစ်၏ရည်ရွယ်ချက်တွင် ထင်ဟပ်နေသည်။

ဆက်လက်ပြီး မြန်မာ့အရေးတင်ဆက်နေသော အမှီအခိုကင်းသည့်သတင်းမီဒီယာကို အဆိုပါ နည်းစနစ်နှင့် အနီးစပ်ဆုံးဖြစ်သည့် စနစ်တစ်ခုအဖြစ် မည်သို့တည်ဆောက်နိုင်သည်ကို လေ့လာထားသည်။ သို့ရာတွင် စစ်တပ်က ဒီမိုကရေစီ နည်းကျ

---

[1] ယခုမှတ်စုသည် Creative Commons Attribution အောင်တွင် Non Commercial-ShareAlike 3.0 Unported လိုင်စင်ရရှိထားသည်။ Centre for Law and Democracy ကို အသိအမှတ်ပြု ကိုးကားဖော်ပြချက်ထည့်သွင်းပြီး အခမဲ့ကူးယူ၊ ဖြန့်ဝေ၊ ပြသခြင်း၊ ဆင့်ပွားစာတမ်းများပြုစုခြင်းတို့တွင် အသုံးပြုနိုင်ပါသည်။ ဖော်ပြပါလိုင်စင်ပါ ဤစာတမ်းမှဆင်းသက်လာသော မည်သည့်အလုပ်ကိုမဆို အကျိုးစီးပွားအတွက် အသုံးပြုခြင်းနှင့် ဖြန့်ဝေခြင်းမပြုရပါ။ လိုင်စင်မိတ္တူကို ကြည့်ရှုလိုပါက http://creativecommons.org/licenses/by-nc-sa/3.0/ တွင်လေ့လာနိုင်ပါသည်။

ရွေးကောက်တင်မြှောက်ထားသော အစိုးရကို ဖြုတ်ချပြီး ဖိနှိပ်ချုပ်ချယ်သော စစ်ကောင်စီကို ထူထောင်ခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းချိန်ကစ၍ မြန်မာ့အရေးတင်ဆက်နေသော မြန်မာ့သတင်းမီဒီယာများ၏ ရှုပ်ထွေးပြီး ထိရှလွယ်သော သဘောသဘာဝကြောင့် မီဒီယာစနစ်တစ်ခု အလွယ်တကူ ထူထောင်ရန် မလွယ်ကူချေ။ အာဏာရှင်စနစ်နှင့် အတူတကွယှဉ်တွဲနေထိုင်ရန် မဖြစ်နိုင်သောကြောင့် ယနေ့အချိန်ထိ အမှီအခိုကင်းသော သတင်းမီဒီယာအများအပြားသည် နိုင်ငံပြင်ပတွင် အခြေစိုက်နေကြပြီး ပြည်တွင်းမှာပင် ဆက်ရှိနေသော သတင်းမီဒီယာများလည်း ရှိနေသေးသည်။ တစ်ချို့မှာမူ "ခြေတစ်ဖက်ဝင်၊ တစ်ဖက်ထွက်" ချည်းကပ်နည်း အတိုင်း နိုင်ငံပြင်ပတွင် အခြေစိုက်သော်လည်း၊ ပြည်တွင်းတွင် သတင်းရယူနေသော သတင်းထောက်များရှိနေပါသေးသည်။ သတင်းမီဒီယာသမားများအားလုံး၊ အထူးသဖြင့် နိုင်ငံအတွင်း သတင်းရယူနေကြရသူများသည် စစ်အစိုးရ၏ လက်တုံ့ပြန်မှု အန္တရာယ်နှင့် ရင်ဆိုင်နေကြရသောကြောင့် အခြေအနေ ပိုမိုရှုပ်ထွေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် သတင်းမီဒီယာ ကျင့်ဝတ်စည်းကမ်းများနှင့်စပ်လျဉ်းသည့် စနစ်ဟောင်းမှ အကြွင်းအကျန်များမှာလည်း ဆက်လက်ရှိနေဆဲဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် မတ်လတွင် သတင်းမီဒီယာဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ချိန်၌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ (MPC) အား သတင်းမီဒီယာများအတွက် လွတ်လပ်သော စည်းမျဉ်းထိန်းကျောင်းရေး အဖွဲ့အစည်းတစ်ခုအဖြစ် ထူထောင်ရန် ရည်ရွယ်သည်။ သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်နှင့်ကျင့်ဝတ် အခန်းငယ်ကို သတင်းမီဒီယာဥပဒေတွင် ထည့်သွင်းဖော်ပြထားသလို ကောင်စီ၏ နောက်ထပ်ကျင့်ဝတ်စည်းကမ်းများ ချမှတ်ရေး အယူအဆကိုလည်း ရည်ညွှန်းထားသည်။ သတင်းနှင့် စာနယ်ဇင်းသမားများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးညှိနှိုင်းမှုများအပြီး ၂၀၁၄ ခုနှစ် မေလတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက သတင်းမီဒီယာ ကျင့်ထုံးကို ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။ ၂၀၁၅ နှင့် ၂၀၂၂ ရွေးကောက်ပွဲများမတိုင်မီကာလတွင် ရွေးကောက်ပွဲသတင်း ရယူရေးဆိုင်ရာ စည်းမျဉ်းအသေးစိတ်ကို ချမှတ်ထုတ်ပြန်ခဲ့သည်။ သတင်းမီဒီယာများအပေါ် တိုင်ကြားမှုများရှိပါကလည်း ကောင်စီက လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များနှင့်အညီ စဉ်ဆက်မပြတ် ညှိနှိုင်းဖြေရှင်းပေးခဲ့သည်။ ယခုလက်ရှိ စစ်ကောင်စီမှာမူ အလားတူတာဝန်ကို ဆက်လက်ထမ်းရွက်နေခြင်းရှိမရှိ ကွဲကွဲပြားပြားမသိရပါ။

သတင်းမီဒီယာကောင်စီမှ တစ်သီးပုဂ္ဂလအဖွဲ့ဝင် နှစ်ဖွဲ့ ခန့်အပ်လိုက်ပြီး ဒုတိယအဖွဲ့မှာ အာဏာသိမ်းပြီးနောက်တွင် ပျောက်ကွယ်သွားခဲ့သည်။ ၂၀၂၁ ခုနှစ် နှောင်းပိုင်းတွင် စစ်အာဏာရှင်က အသစ်ခန့်အပ်လိုက်သော အဖွဲ့ဝင်များမှာလည်း လွတ်လပ်စွာဆောင်ရွက်ခွင့်မရှိသလို အများယုံကြည်လေးစားမှု မရှိကြသော်ငြား ယင်းအဖွဲ့ကို မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီဟု ခေါ်ဆိုနေဆဲဖြစ်သည်။ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နှင့် ၂၆ ရက်နေ့တွင် ကျင်းပခဲ့သော ဒီလီစကားဝိုင်းဆွေးနွေးပွဲ ၂၀၂၂ (Dili Dialogue Forum 2022) သို့ အဖွဲ့သစ်ကိုယ်စားလှယ် ဦးအေးချမ်း တက်ရောက်ရုံသာမကဘဲ စစ်အုပ်စုကို ထောက်ခံကြောင်း တိကျသောသဘောထားများ ထုတ်ပြန်ပြောကြားခဲ့သည်။ ယင်းကြောင့် အရှေ့တီမော စာနယ်ဇင်းကောင်စီ (Conselho de Imprensa) မှ လက်ရှိကောင်စီအား မြန်မာနိုင်ငံအတွက် သင့်လျော်သော သတင်းမီဒီယာကောင်စီအဖြစ် အသိအမှတ်မပြုကြောင်း ကြေငြာချက်တွင် ပြတ်ပြတ်သားသား ပယ်ချခဲ့သည်။ [2] ယင်းအချက်ကြောင့် ဒေသတွင်းနှင့် နိုင်ငံတကာ သတင်းမီဒီယာကောင်စီအစည်းအဝေးပွဲများတွင် မြန်မာနိုင်ငံကို မည်သူက ကိုယ်စားပြုမည်မှာ မေးခွန်းထုတ်စရာဖြစ်လာသည်။

# သတင်းမီဒီယာ စည်းမျဉ်းစနစ်များအကျဉ်းချုပ်

## သတင်းမီဒီယာ စည်းမျဉ်းစနစ်များအတွက် အဓိက ချဉ်းကပ်နည်း ၃ မျိုး

သတင်းမီဒီယာဆိုင်ရာ စည်းမျဉ်းစနစ်များကို "မီဒီယာကိုယ်တိုင် ထိန်းကျောင်းသည့် စနစ်" (self-regulation)၊ "ပူးတွဲညှိနှိုင်း ထိန်းကျောင်းသည့်စနစ်" (co-regulation) နှင့် "ဥပဒေအနှင့်အညီ ထိန်းသိမ်းရန် အာဏာအပ်နှင်းသည့် စနစ်" (statutory regulation) ဟူ၍ အကြမ်းဖျင်း သုံးမျိုးခွဲခြားနိုင်သည်။ ဒီမိုကရေစီနိုင်ငံအများစုတွင် စာနယ်ဇင်းမီဒီယာများ အတွက် "မီဒီယာကိုယ်တိုင် ထိန်းကျောင်းသည့် စနစ်" သို့မဟုတ် "ပူးတွဲညှိနှိုင်း ထိန်းကျောင်းသည့်စနစ်" ကို အသုံးပြုပြီး ရုပ်သံမီဒီယာများအတွက်မူ "ပူးတွဲညှိနှိုင်း ထိန်းသိမ်းသည့်စနစ်" သို့မဟုတ် "ဥပဒေအနှင့်အညီ ထိန်းသိမ်းရန်

---

[2] ဥပမာအားဖြင့်၊ နိုင်ငံတကာ သတင်းထောက်များ အဖွဲ့ချုပ်က ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၆ ရက်တွင် ဖော်ပြထားသည့် "Timor-Leste: စာနယ်ဇင်း ကောင်စီသည် မြန်မာနိုင်ငံ သတင်းလွတ်လပ်ခွင့်ကို လွဲမှားစွာ ကိုယ်စားပြုခြင်းအား ရှုတ်ချသည်"သတင်းအား ကြည့်ရှုပါ။ https://www.ifj.org/media-centre/news/detail/category/press-releases/article/timor-leste-press-council-condemns-misleading-representation-of-myanmar-press-freedom.html

အာဏာအပ်နှင်းသည့် စနစ်”ကို အသုံးပြုသည်။ အောက်တွင် အသေးစိတ်ဖော်ပြပါရှိသည့်အတိုင်း လူမှုကွန်ယက် ပလက်ဖောင်းများအသုံးပြုရာတွင်မူ “ပူးတွဲညှိနှိုင်း ထိန်းကျောင်းသည့်စနစ်” ပုံစံအသစ်ကို နိုင်ငံအများအပြားတွင် ကူးပြောင်းကျင့်သုံးလာလျက်ရှိသည်။

“မီဒီယာကိုယ်တိုင် ထိန်းကျောင်းသည့် စနစ်” သည် ဥပဒေပြုရေးကဲ့သို့သော တရားဝင်ပါဝင်ပတ်သက်မှုတစ်ခုမှမရှိဘဲ သတင်းမီဒီယာသမားများကိုယ်တိုင် လုံးလုံးလျားလျားထူထောင်ထားသော စနစ်ဖြစ်သည်။ တစ်ချို့ကိစ္စရပ်များတွင် ရုံးတွင်းတာဝန်ခံ အမှုစစ်ထားရှိကာ သတင်းမီဒီယာတိုက် တစ်တိုက်ချင်း အဆင့်ဖြင့် ဆောင်ရွက်ပြီး တစ်ချို့မှာ စာနယ်ဇင်း၊ ရုပ်သံနှင့် မီဒီယာတစ်ခုလုံးပါဝင်သည့် မီဒီယာကဏ္ဍအဆင့်ဖြင့် ဆောင်ရွက်နေပါသည်။ ဥပမာအနေဖြင့် ဆွီဒင်နိုင်ငံ သတင်းမီဒီယာတိုင်ကြားရေးစနစ်တွင် စာနယ်ဇင်းအဖွဲ့အစည်း လေး ခုနှင့် ရုပ်သံကုမ္ပဏီ လေး ခုတို့ ပူးပေါင်းထူထောင်ထားသော ဆွီဒင်သတင်းမီဒီယာကောင်စီနှင့် သတင်းမီဒီယာတာဝန်ခံအမှုစစ် တို့ပါဝင်သည်။ [3]

“ပူးတွဲညှိနှိုင်း ထိန်းကျောင်းသည့် စနစ်” မှာ စနစ်အတွက် ဥပဒေပြုရေးဆိုင်ရာ ကျောထောက်နောက်ခံရှိသော်လည်း မီဒီယာပါဝင်ပတ်သက်မှု အားကောင်းသည်။ စနစ်တွင် ဥပဒေပြုရေးအထောက်အပံ့ရရန် နည်းလမ်းပေါင်းစုံရှိသည်။ အသုံးအများဆုံးနည်းလမ်းမှာ ကြီးကြပ်ရေးအဖွဲ့ (ဝါ) ကောင်စီကို ဥပဒေ ပြဋ္ဌာန်းချက်ဖြင့် ထူထောင်ခြင်းဖြစ်သည်။ ဥပမာဆိုရသော် အင်ဒိုနီးရှားသတင်းမီဒီယာကောင်စီ [4] ကို ၁၉၉၉ခုနှစ် သတင်းမီဒီယာဥပဒေ [5] ဖြင့် ထူထောင်သည်။ သတင်းမီဒီယာကောင်စီကို အဖွဲ့ဝင် ကိုးဦးဖြင့်ဖွဲ့စည်းပြီး သတင်းစာဆရာများအသင်းများမှ အဆိုပြုသော သတင်းထောက် သုံးဦး၊ မီဒီယာပိုင်ရှင် အဖွဲ့အစည်းများမှ အဆိုပြုသော မီဒီယာကုမ္ပဏီများ၏ အလုပ်အမှုဆောင်အဖွဲ့ဝင် သုံးဦးနှင့် အထက်ပါအဖွဲ့အစည်းနှစ်ခုလုံးမှ ရွေးချယ်တင်မြှောက်သော ပြည်သူ့ကိုယ်စားပြု ပုဂ္ဂိုလ် သုံးဦးတို့ ပါဝင်သည်။ အဖွဲ့ဝင်အားလုံးကို သတင်းမီဒီယာအဖွဲ့အစည်းများမှ ရွေးချယ်တင်မြှောက်သဖြင့် စနစ်တွင် အရေးကြီးသော မီဒီယာ၏ အခန်းကဏ္ဍမှာ အားရကျေနပ်ဖွယ်ဖြစ်သည်။

---

[3] https://medieombudsmannen.se/english/ တွင် ဖတ်ရှုပါ။

[4] https://accountablejournalism.org/press-councils/Indonesia တွင် ဖတ်ရှုပါ။

[5] အင်္ဂလိပ်ဘာသာဖြင့်ဖတ်ရှုရန် https://dewanpers.or.id/assets/ebook/buku/2011241422_2016-09_BUKU_Indonesian_Press_Law_&_Regulations_of_the_Press_Council.pdf

မြန်မာသတင်းမီဒီယာကောင်စီကို ဥပဒေပြုတိုက်ရိုက်ဖွဲ့စည်းထားသည့် “ပူးတွဲညှိနှိုင်းထိန်းကျောင်း”သည့် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ပုံဖော်ထားသည်။ သတင်း မီဒီယာဥပဒေ[6] ပုဒ်မ ၁၃ တွင် နိုင်ငံတော်သမ္မတက စာနယ်ဇင်းကောင်စီဝင်ဦးရေ ၁၅ ဦးမှ ၃၀ ဦးအထိ ခန့်အပ်ရန် ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်သမ္မတ ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ က အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦးစီ၊ “သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ ပုံနှိပ်ထုတ်ဝေ သူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်းရုပ်ပြဆရာများက သတ်မှတ်အချိုးအစားအလိုက် အဆိုပြုသည့် ကိုယ်စားလှယ်များ”နှင့် “လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သည့် လူထုအဖွဲ့အစည်းများက ရွေးချယ်သည့် ကိုယ်စားလှယ်များ” ပါဝင်သည်။ သို့ရာတွင် အဖွဲ့ဝင်အများစုကို မီဒီယာများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ကဗျာဆရာများကဲ့သို့သော အမှီအခိုကင်းသည့် အဖွဲ့များက အဆိုပြုမည်ကို ရှင်းရှင်းလင်းလင်းသိရသော်လည်း ကဏ္ဍတစ်ခုစီမှ အဖွဲ့ဝင်အရေအတွက်မည်မျှ အဆိုပြုရမည် နှင့် အဖွဲ့ဝင်အရေအတွက်မည်မျှအထိပါဝင်နိုင်သည်ကို ဥပဒေတွင် ရှင်းရှင်းလင်းလင်း မဖော်ပြထားပေ။ ယင်းအချက်မှာ နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်နိုင်ချေအတွက် လမ်းစဖြစ်သွားစေသလို တစ်ဖက်တွင်လည်း အမှီအခိုကင်းစွာ ရပ်တည်နိုင်ရေးကိုရည်ရွယ်သည့် အခြားသောအကာအကွယ်များကို ဥပဒေတွင် ခိုင်ခိုင်မာမာ ထည့်သွင်းရန် ပျက်ကွက်ခဲ့သည်။ ထို့ကြောင့် အာဏာသိမ်းပြီးနောက်တွင် အမှီအခိုမကင်းလွတ်သောအဖွဲ့တစ်ဖွဲ့ကို စစ်အစိုးရကခန့်အပ်ရန် အတော်လေး လွယ်ကူခဲ့ခြင်း ဖြစ်သည်။

ပူးတွဲညှိနှိုင်းထိန်းကျောင်းသည့် အဖွဲ့အစည်းများ ထူထောင်ရန် အခြားရွေးချယ်စရာများလည်း ရှိပါသည်။ ဥပမာအားဖြင့်၊ ကနေဒါရုပ်သံစံနှုန်းကောင်စီ Canadian Broadcast Standards Council (CBSC)[7] သည် ကနေဒါ၏ ပုဂ္ဂလိက ရုပ်သံလွှင့်ဌာနများမှ မိမိတို့သဘောအလျောက်ထူထောင်ထားသည့် နိုင်ငံအဆင့် ကိုယ်တိုင်ထိန်းကျောင်းသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး ရုပ်သံထုတ်လွှင့်ခြင်းနှင့်ပတ်သက်သည့် တိုင်ကြားချက်များကို လက်ခံဆုံးဖြတ်ပေးသည်။ သို့သော်၊ တရားဝင် စည်းမျဉ်းထိန်းကျောင်းသည့်အဖွဲ့ဖြစ်သော ကနေဒါ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် ဆက်သွယ်ရေး

---

[6] အင်္ဂလိပ်ဘာသာဖြင့်ဖတ်ရှုရန် https://myanmar-law-library.org/law-library/laws-and-regulations/laws/myanmar-laws-1988-until-now/union-solidarity-and-development-party-laws-2012-2016/myanmar-laws-2014/pyidaungsu-hluttaw-law-no-12-2014-news-media-law-burmese.html

[7] https://www.cbsc.ca တွင်ဖတ်ရှုရန်။

ကော်မရှင် the Canadian Radio-television and Telecommunications Commission (CRTC)[8] သည် လူသိရှင်ကြား ထုတ်ပြန်ချက် CRTC 1991-90[9] ဖြင့် CBSC ကို တရားဝင် အသိအမှတ် ပြုထားပြီး၊ ရုပ်သံလွှင့်ဌာန များ မဖြစ်မနေ လိုင်စင်မှတ်ပုံတင်ရခြင်းအပါအဝင် CRTC က ထုတ်ပြန်ထားသည့် ရုပ်သံစည်းမျဉ်းများအပေါ်အခြေခံသည့် CBSC ၏ ဆုံးဖြတ်ချက်များ ကို ရုပ်သံထုတ်လွှင့်သူများ ထိထိရောက်ရောက် လိုက်နာဆောင်ရွက်စေသည်။

ယနေ့ခေတ်သစ် လူမှုကွန်ယက်များအတွက်မူ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့သော ဥရောပသမဂ္ဂ ဒီဂျစ်တယ်နည်းပညာဝန်ဆောင်မှု အက်ဥပဒေ European Union Digital Services Act (DSA) 10 ကဲ့သို့ ပူးတွဲညှိနှိုင်း ထိန်းကျောင်းသည့်စနစ် နောက်တစ်မျိုး ပေါ်ပေါက်လာခဲ့သည်။ တာဝန်ဝတ္တရားများစွာအနက် DSA က လူမှုကွန်ယက်ပလက်ဖောင်းကြီးများပေါ်တွင် ပေါ်ပေါက်လာနိုင်သော ဆုံးရှုံးနိုင်ခြေများကို အကဲဖြတ်သည့်တာဝန်တစ်ချို့ကို ချမှတ်လိုက်သည်။ အက်ဥပဒေ၊အခန်း ၂၆ အရ ကိုယ်ရေးကိုယ်တာလုံခြုံမှုဆိုင်ရာ လူ့အခွင့်အရေး၊ လွတ်လပ်စွာထုတ်ဖော် ရေးသားပြောဆိုခွင့်၊ ခွဲခြားဆက်ဆံမှုမရှိခြင်းနှင့် ကလေးသူငယ်အခွင့်အရေး တို့ကို ထိခိုက်စေမည့် တရားမဝင်အကြောင်း အရာများ ဖြန့်ဝေခြင်းနှင့် ကျန်းမာရေး၊ လူမှုဟောပြောပွဲ များနှင့် ရွေးကောက်ပွဲများကဲ့သို့ ကိစ္စရပ်များအပေါ် ထိခိုက်စေနိုင်သော " မီဒီယာဝန်ဆောင်မှုကို မမှန်မကန် အသုံးပြုခြင်း သို့မဟုတ် အမြတ်ထုတ်ခြင်း စသော နည်းလမ်းများဖြင့် ရည်ရွယ်ချက်ရှိရှိ ခြယ်လှယ်ခြင်းများ" နှင့်စပ်လျဉ်း၍ အစီအစဉ်တကျ ဖြစ်လာနိုင်သော အန္တရာယ်များကို နှစ်စဉ် အကဲဖြတ်ရန်လိုအပ်သည်။ ထို့နောက် အခန်း ၂၇ အရ အကြံပြုစနစ်များ၊ ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်များ၊ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို ပြောင်းလဲစေသည်အထိ ဖြစ်စေနိုင်သော ဆုံးရှုံးနိုင်ခြေများ လျော့နည်းစေရေး "ကျိုးကြောင်းဆီလျော်ပြီး ထိရောက်သော စီမံချက်များ" ဖော်ဆောင်ရန် လိုအပ်သည်။ ဤနည်းလမ်းများကို ဥပဒေအရ အကောင်အထည်ဖော်ရန် လိုအပ်သည်သာမက စည်းကမ်းထိမ်းသိမ်းရေးအဖွဲ့ များကလည်း ကြီးကြပ်ပေးလျက်ရှိသည်။ ထို့ကြောင့် ယင်းမှာ "ပူးတွဲညှိနှိုင်းထိန်းကျောင်းမှုစနစ်" ပုံစံတစ်ခုဖြစ်ကြောင်း ထင်ရှားသည်။

8 https://crtc.gc.ca/eng/home-accueil.htm တွင်ဖတ်ရှုရန်။

9 https://crtc.gc.ca/eng/archive/1991/pb91-90.htm တွင် ဖတ်ရှုရန်။

10 ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများအတွက် တစ်ခုတည်းသောဈေးကွက်ဆိုင်ရာ စည်းမျဉ်းဥပဒေ (Digital Services Act) နှင့်စပ်လျဉ်းသည့် ဥရောပပါလီမန်နှင့် ကောင်စီတို့၏ စည်းမျဉ်းစနစ် နှင့် အပြီးသတ်ပြင်ဆင်လမ်းညွှန်ချက် 2000/31/EC၊ COM(2020) 825 ၊ ၂၀၂၀၊ ဒီဇင်ဘာ လ ၁၅ ရက် https://eur-lex.europa.eu/legal-content/EN/TXT/HTML/?uri=CELEX:52020PC0825&from=en

နောက်ဆုံးတွင် ဥရောပသမဂ္ဂတစ်ခွင်နှင့် ကမ္ဘာ့နိုင်ငံအနှံ့အပြား၌ ရုပ်မြင်သံကြားဆိုင်ရာ စည်းမျဉ်းထိန်းချုပ်မှု အတော်များများကို သဘောသဘာဝအားဖြင့် ပြဋ္ဌာန်းဥပဒေအတိုင်းကျင့်သုံးကြသည်။ [11] ဤသည်မှာ တစ်စိတ်တစ်ပိုင်း အားဖြင့် ဥရောပသမဂ္ဂရုပ်မြင်သံကြား ဝန်ဆောင်မှု ညွှန်ကြားချက် European Union Audiovisual Media Services Directive (AVMSD) [12] ကို ၂၀၁၈ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ပြီးသောအခါမှသာ ပူးတွဲညှိနှိုင်းထိန်းကျောင်းမှုစနစ်ကို အသိအမှတ်ပြုခဲ့ခြင်းကြောင့်ဖြစ်ပြီး ထိုအချိန်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံအများစုက ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ထူထောင်ပြီးဖြစ်နေသည်။ ပရော်ဖက်ရှင်နယ်ပြဿနာများကို ပူးတွဲညှိနှိုင်း ထိန်းကျောင်းသည့်စနစ်ဖြင့် ဖြေရှင်းသည့်တိုင် ဥပဒေအရလိုင်စင်ထုတ်ပေးသည့်အဖွဲ့ တစ်ခုရှိရန် လိုအပ်နေသေးကြောင်း သတိပြုသင့်သည်။ အကြောင်းမှာ လက်ရှိ ရုပ်သံထုတ်လွှင့် သူများ ကဲ့သို့ လိုင်စင်ရရှိပြီး ထုတ်လွှင့်သူများ၏ သြဇာခံ အဖွဲ့အစည်းတစ်ခုအနေဖြင့် လိုင်စင်ထုတ်ပေးခြင်းကို တာဝန်ယူဆောင်ရွက်၍ မရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကနေဒါတွင် CBSC က ပရော်ဖက်ရှင်နယ်ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနေစဉ်တွင်၊ ဥပဒေအရ လိုင်စင် ထုတ်ပေးခြင်းကို CRTC က လုပ်ဆောင်သည်။

စည်းမျဉ်းစည်းကမ်းအတွက် စနစ်သစ်တစ်ခုကို ထည့်သွင်းစဉ်းစားသောအခါ မီဒီယာကိုယ်တိုင်ထိန်းကျောင်းသည့်စနစ် နှင့် ပူးတွဲညှိနှိုင်းထိန်းကျောင်းသည့်စနစ် နှစ်မျိုးလုံးတွင် အားနည်းချက်၊ အားသာချက်များစွာရှိပါသည်။ မီဒီယာ ကိုယ်တိုင် ထိန်းကျောင်း သည့်စနစ်၏ အားသာချက်များထဲကတစ်ခုမှာ စနစ်တွင် တရားဝင်အခန်းကဏ္ဍ မထားရှိခြင်းကြောင့် ပုံမှန်အားဖြင့် အစိုးရ၏ ဝင်ရောက်စွက်ဖက်ခြင်းမှကောင်းစွာ ကာကွယ်ပေးထားခြင်းပင်ဖြစ်သည်။ သက်ဆိုင်ရာမီဒီယာ ကဏ္ဍ၏ အရေးကြီးသော အစိတ်အပိုင်းကို အစိုးရမှ ချုပ်ကိုင်ထားနိုင်သော်လည်း သာမန်အားဖြင့် အလွန်ဖိနှိပ်သော အခြေအနေများတွင်သာ ဖြစ်ပေါ်လေ့ရှိသည်။ အလားတူပင် စနစ်သည် ပုံမှန်အားဖြင့် မီဒီယာများ၏ လိုအပ်ချက်များကို အဓိကထားသောကြောင့် စနစ်အရ ဆုံးဖြတ်ချက်များသည် မီဒီယာ၏လုပ်ငန်းခွင်ဖြစ်ရပ်မှန်များကို အပြည့်အဝထည့်သွင်း စဉ်းစားနိုင်ဖွယ်ရှိသည်။ သို့ရာတွင်၊ ဥပမာအားဖြင့် စနစ်သည် မီဒီယာအား ဖော်ရွေလွန်းသည်ဟု ရှုမြင်ခံရပါက သို့မဟုတ်

[11] ဥရောပနိုင်ငံများ၏ စာရင်းအပြည့်အစုံကို ဤတွင် ဖတ်ရှုနိုင်ပါသည် https://digital-strategy.ec.europa.eu/en/policies/audiovisual-regulators

[12] ရုပ်မြင်သံကြားမီဒီယာဝန်ဆောင်မှုပေးနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများရှိ ဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုအချို့ကို ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ၂၀၁၀ ခုနှစ်၊ မတ်လ ၁၀ရက်နေ့ရက်စွဲပါ ဥရောပပါလီမန်နှင့် ကောင်စီ၏ ညွှန်ကြားချက် အမှတ် 2010/13/2010 ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ လ ၁၈ https://eur-lex.europa.eu/legal-content/EN/TXT/?uri=CELEX%3A02010L0013-20181218

အမှန်တကယ်တွင် မီဒီယာအပေါ် ညှာတာလွန်းပါက အားနည်းချက်တစ်ခုလည်းဖြစ်လာနိုင်သည်။ ထိုသို့ဖြစ်လာပါက စနစ်သည် လူထု၏ယုံကြည်မှုကို ရယူနိုင်တော့မည်မဟုတ်သလို မီဒီယာ၏ ပရော်ဖက်ရှင်နယ်ဆန်ရန် ပျက်ကွက်ခြင်းများကို ဖြေရှင်းရန် နည်းလမ်းအဖြစ် လူထုက အားကိုးတော့မည် မဟုတ်ချေ။ ယင်းအချက်နှင့်နီးစပ်စွာပင် မီဒီယာကိုယ်တိုင် ထိန်းကျောင်းမှု စနစ်များသည် လုံးလုံးလျားလျား ဆန္ဒအလျောက်ဆောင်ရွက်သည့် သဘောသဘာဝရှိရာ စနစ်၏ ဆုံးဖြတ်ချက်များကို ပြဋ္ဌာန်းကျင့်သုံးရန် အကန့်အသတ်များ ရှိသည်။ မီဒီယာတိုက်များသည် သက်သာလွယ်ကူသည့် ညှိနှိုင်းဖြေရှင်းချက်များကိုပင် လိုက်နာအကောင်အထည် ဖော်ရန် အလွယ်တကူ ငြင်းဆိုလိုက်နိုင်သလို ခက်ခဲသည့် အခြေအနေ များတွင်မူ စနစ်တွင် ပူးပေါင်းပါဝင်မည့်အစား အဖွဲ့ဝင်အဖြစ်မှ ထွက်ခွာသွားနိုင်သည်။

မီဒီယာကိုယ်တိုင်ထိန်းကျောင်းသည့် စနစ်၏ မတူကွဲပြားသော စိန်ခေါ်မှုတစ်ရပ်မှာ ဤစနစ်တစ်ခုကို လက်တွေ့တွင် ထူထောင်ကျင့်သုံးရန်မှာ အလွန်လွယ်ကူမနေကြောင်း အတွေ့အကြုံက သက်သေပြနေခြင်းဖြစ်သည်။ အဓိပ္ပါယ်ဖွင့်ဆိုချက်များအရ မီဒီယာတိုက်များသည် ပရိတ်သတ်ရရေး ပြိုင်ဆိုင်ကြလေ့ရှိပြီး အချင်းချင်း ဆက်ဆံရေး ခက်ခဲတတ်သည်။ အထူးသဖြင့် မီဒီယာကဏ္ဍအတွင်း လူပြိန်းကြိုက်သတင်းစာများထက် အခရာကျသော နာမည်ကြီးသတင်းမီဒီယာများ ပိုများသောအခါမျိုးတွင် ဖြစ်တတ်လေ့ရှိသည်။ ကိုယ်တိုင်ထိန်းကျောင်းသည့်စနစ် ထူထောင်ရာတွင် အထူးသဖြင့် စတင်ထူထောင်စဉ် အစောပိုင်းကာလ၌ မီဒီယာများအကြား အနီးကပ်ပူးပေါင်းဆောင်ရွက်မှုနှင့် ယုံကြည်မှု လိုအပ်သည်။ အခြေအနေအမျိုးမျိုးကြောင့် ဤပူးပေါင်းဆောင်ရွက်မှုကို ခိုင်မြဲရန်လုပ်ဖို့ရန်မှာ ခက်ခဲနိုင်သည်။ မီဒီယာကိုယ်တိုင် ထိန်းကျောင်း သည့်စနစ်တစ်ခုလည်ပတ်ရန် လိုအပ်သော ရန်ပုံငွေကို ထည့်ဝင်ပံ့ပိုးနိုင်မည့် မီဒီယာတိုက်များ ရှိရန်လည်း ခက်ခဲနိုင်သည်။

ပူးတွဲညှိနှိုင်းထိန်းကျောင်းသည့် စနစ်သည် အဆိုပါစိန်ခေါ်မှုများကို များစွာရှောင်ရှားနိုင်သည်။ ဥပဒေဖြင့် ဖွဲ့စည်းထားသော ကြောင့် ကိုယ်တိုင်ထိန်းကျောင်းသည့်စနစ်လောက် မီဒီယာများကြား အနီးကပ် ပူးပေါင်း ဆောင်ရွက်မှု မလိုအပ်ပါ။ ယင်းအစား၊ ဥပဒေမူကြမ်းရေးဆွဲရာတွင် ဦးဆောင်နေသူအားလုံး (ပုံမှန်အားဖြင့် ဝန်ကြီးဌာနတစ်ခု) ကို ပံ့ပိုးကူညီပေးရုံဖြင့် လုံလောက်ပါသည်။ ထို့အပြင် ဥပဒေက တရားဝင်ပံ့ပိုးပေးမှုကြောင့် စနစ်၏ ဆုံးဖြတ်ချက်များကို ပြဋ္ဌာန်းကျင့်သုံးရန် ပြဿနာမရှိပါ။ မီဒီယာများသည် ပုံမှန်အားဖြင့် ကြီးကြပ်ရေးအဖွဲ့၏ အမိန့်များကို အကောင်အထည်ဖော်ရန် ဥပဒေအရ အမှန်တကယ် လိုအပ်ပါသည်။

အခြားတစ်ဖက်၌မူ ပူးတွဲညှိနှိုင်းထိန်းကျောင်းသည့်စနစ်များတွင် မီဒီယာကိုယ်တိုင်ထိန်းကျောင်းသည့်စနစ်များ၏ အားသာချက် အချို့ ရှိမနေပါ။ အထူးသဖြင့်၊ ၎င်းတို့သည် ကိုယ်တိုင်ထိန်းကျောင်းသည့်စနစ် အများစုကဲ့သို့ အစိုးရထံမှ အမှီအခို ကင်းလွတ်မှု မရှိဘဲ ဥပဒေတွင်ဖော်ပြထားသော အသေးစိတ်အချက်အပေါ် များစွာမူတည်နေသည်။ မြန်မာနိုင်ငံတွင် လက်ရှိတွေ့ကြုံနေရသည်များက နောက်ကြုံလာနိုင်သည့် အန္တရာယ်များကို မီးမောင်းထိုးပြလျက်ရှိသည်။ အစောပိုင်းသတင်းမီဒီယာကောင်စီ နှစ်ခုသည် အမှီအခို လွတ်လွတ်ကင်းကင်းရှိသည်။ အကြောင်းမှာ ကောင်စီတွင် အမှီအခိုကင်းသူများကို ခန့်အပ်ရန် လိုအပ်ကြောင်း အစိုးရက လေးစားအသိအမှတ်ပြုသောကြောင့်ဖြစ်သည်။ သို့သော် ယင်းအချက်သည် စစ်အာဏာရှင် လက်ထက်တွင် ပြိုပျက်သွားပြီး၊ လွတ်လပ်စွာ ရပ်တည်ရန် လိုအပ်ချက်ကို မျက်ကွယ်ပြုခဲ့သည်။ ဥပဒေကြောင်းအရ လွတ်လပ်စွာဆုံးဖြတ်ခွင့်ကို ကာကွယ်ရန် အနည်းနှင့်အများ ဆောင်ရွက်နိုင်သော်လည်း ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ကို ထိန်းချုပ်ရန် စိတ်ပိုင်းဖြတ်ထားသည့် အစိုးရတစ်ရပ်ရန်မှ အပြည့်အဝ အကာအကွယ်ပေးရန် ခက်ခဲနိုင်သည်။ အချို့သောကိစ္စများတွင်၊ ဤပူးတွဲညှိနှိုင်းထိန်းကျောင်းသည့် စနစ်များသည် ပရော်ဖက်ရှင်နယ်ဆန်မှု နှင့်စပ်လျဉ်းသည့် တိုင်ကြားမှုစနစ်များထက် အရပ်ဘက် သို့မဟုတ် ရာဇဝတ်ကြောင်းစနစ်များနှင့် ပိုမိုဆင်တူစေရန်အတွက် အလွန်ပြင်းထန်သော ပြစ်ဒဏ်ပိတ်ဆို့ အရေးယူမှုများ ချမှတ်လျက်ရှိသည်။

## မီဒီယာကိုယ်တိုင်ထိန်းကျောင်းသည့်စနစ် နှင့် ပူးတွဲညှိနှိုင်းထိန်းကျောင်းသည့်စနစ်များ၏ အဓိက အင်္ဂါရပ်များ

သတင်းမီဒီယာဆိုင်ရာ စည်းမျဉ်းစနစ်တစ်ခု ဖော်ဆောင်ရန်အတွက် အစပျိုးသည့်အချက်မှာ စနစ်အောက်တွင် မည်သူမည်ဝါ ပါဝင်မည်ကို ဆုံးဖြတ်ရန်ဖြစ်သည်။ ဤစနစ်များသည် အခြေခံအားဖြင့် သတင်းထောက်တစ်ဦးချင်းထက် သတင်းမီဒီယာတိုက်များက တာဝန်ယူကျင့်သုံးရန် ရည်ရွယ်ပါသည်။ ထိုအတွက် အကြောင်းပြချက်များစွာရှိပါသည်။ ပထမဦးစွာ သတင်းမီဒီယာများပေါ်တွင် သတင်းဖြန့်ဝေခြင်းကတစ်ဆင့် အဓိကအားဖြင့် ထိခိုက်နစ်နာမှုများ ပေါ်ပေါက်စေသည့်အားလျော်စွာ စည်းမျဉ်းစနစ်များဖြင့် ပြန်လည်ထိန်းမတ်ပေးရန် ရည်ရွယ်ဖော်ဆောင်ခြင်းဖြစ်ပါသည်။ သတင်းထောက်တစ်ဦးသည် သတင်းတစ်ပုဒ်ထုတ်လုပ်တင်ဆက်ရာတွင် လူတစ်ဦးတစ်ယောက်၏ ကိုယ်ရေးကိုယ်တာ လုံခြုံမှုကိုလေးစားရန် ပျက်ကွက်မိနိုင်ချေရှိပြီး ထိုသတင်းကို မီဒီယာမှ တစ်ဆင့် ထုတ်လွှင့်တင်ဆက်ပြီဆိုပါက တစ်ပါးသူ၏ ကိုယ်ရေးကိုယ်တာလုံခြုံမှုကို ပိုမိုဆိုးရွားစွာ ချိုးဖျက်မိခြင်းပင်ဖြစ်သည်။ ထို့အပြင် ဤစနစ်အများစု၏ အဓိက ညှိနှိုင်းဖြေရှင်းချက်မှာ ပြန်လည်ဖြေရှင်းချက် သို့မဟုတ် သတင်းထုတ်ပြန်ချက်များကို မီဒီယာကတစ်ဆင့် ထုတ်ပြန်ရခြင်းမျိုးဖြစ်သည့်အတွက် သတင်းထောက်တစ်ဦးချင်းအနေဖြင့် စွမ်းဆောင်နိုင်သော အရာမျိုးမဟုတ်ဘဲ သတင်း

မီဒီယာတိုက်အနေဖြင့်သာ ဆောင်ရွက်နိုင်သောအရာဖြစ်သောကြောင့်ပင်။ ဤသည်မှာ သတင်းစာဆရာများအသင်းတွင် အဖွဲ့ဝင်များအတွက် သတင်းမီဒီယာကျင့်ထုံးများ ကျင့်သုံးခြင်းမှ တားမြစ်ထားခြင်းမဟုတ်သလို အများကလည်း လိုက်နာဆောင်ရွက်နေမြဲဖြစ်သည်။ သို့ရာတွင် အများအားဖြင့် တိုင်ကြားမှုစနစ်ကတစ်ဆင့် ကျင့်သုံးခြင်းမျိုးတော့ မဟုတ်ပေ။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံများတွင် စာနယ်ဇင်းနှင့် ရုပ်သံမီဒီယာကဏ္ဍများအတွက် မတူညီသော ဖွဲ့စည်းပုံနည်းစနစ်များသုံးသည်ကို အတွေ့ရများသည်။ ဒီမိုကရေစီနိုင်ငံများတွင် ဤကဏ္ဍနှစ်ခု၏ စည်းမျဉ်းစနစ် ဆိုင်ရာ ချဉ်းကပ်ပုံမှာ အလွန်ကွဲပြားသောကြောင့်ဖြစ်ပြီး အထူးသဖြင့် ပုံနှိပ်နှင့် လေလှိုင်းစသဖြင့် သတင်းဖြန့်ဝေခြင်းနည်းလမ်း ကွဲပြားမှု သဘောသဘာဝပေါ် မူတည်၍လည်းကောင်း၊ တစ်ဖက်တွင် ရုပ်သံမီဒီယာများ လိုင်စင်ရထားချိန်တွင် ပုံနှိပ်သတင်းမီဒီယာများ တည်ထောင်ခွင့်အတွက် သီးသန့်စည်းမျဉ်းစနစ်များ ရှိမနေခြင်းကြောင့်လည်းကောင်းဖြစ်သည်။ ယနေ့ခေတ်တွင် အွန်လိုင်းပေါ်၌ ပုံနှိပ်မီဒီယာများက ဗီဒီယိုနှင့် အသံများဖြင့် သတင်းတင်ဆက်နေပြီဖြစ်သလို ရုပ်သံမီဒီယာ များကလည်း စာရေးသားဖြန့်ဝေမှုများရှိလာပြီဖြစ်သော်လည်း အဓိက ကွဲပြားချက်များမှာ ဆက်လက် တည်ရှိနေဆဲ ဖြစ်သည်။ ဖွဲ့စည်းပုံစနစ်က ဤမီဒီယာနှစ်မျိုးနှစ်စားလုံးကို လွှမ်းခြုံထားမည်ဆိုပါက ကဏ္ဍတစ်ခုစီအတွက် သီးသန့် ကျင့်ထုံးများထားရှိရန် သို့မဟုတ် ကျင့်ထုံးတစ်ခုထဲတွင် သက်ဆိုင်ရာမီဒီယာအလိုက် စည်းမျဉ်းများထားရှိရန် ထည့်သွင်း စဉ်းစားသင့်ပါသည်။ ဥပမာအားဖြင့် ကလေးငယ်များကြည့်ရှုရန် မသင့်သော အကြောင်းအရာများကို အချိန်ဇယား ဆွဲခြင်းမှာ ရုပ်သံမီဒီယာနှင့်သာ သက်ဆိုင်ပါလိမ့်မည်။

မီဒီယာနှင့် ဆင်တူသည့်၊ အချို့သိပ်မတူသည့် အွန်လိုင်းတင်ဆက်သူများ တိုးပွားလာသည်နှင့်အမျှ ဖွဲ့စည်းပုံစနစ် အောက်တွင် မည်သည့်အွန်လိုင်းတင်ဆက်သူများ ပါဝင်မည်ကို ရှင်းရှင်းလင်းလင်း သတ်မှတ်ရန်မှာ မည်သည့်စနစ် အတွက် မဆို အရေးကြီးသည်။ ထိုသို့ဆောင်ရွက်ရန် နည်းလမ်းများစွာရှိသည်။ အွန်လိုင်းတွင် တင်ဆက်သူများအတွက် စည်းမျဉ်းစည်းကမ်းစနစ်များကို အကန့်အသတ်ဖြင့်သာ ကျင့်သုံးခြင်းမှာ ဥရောပတိုက်၌ သာမန်လုပ်ရိုးလုပ်စဉ်ပင် ဖြစ်သည်။ အွန်လိုင်းတွင် တင်ဆက်သူများသည် ၎င်းတို့၏အခြားမီဒီယာ အရည်အသွေးများအပြင် သတင်းအကြောင်း အရာကို ရေးသားသူနှင့်မတူဘဲ အကြောင်းအရာရွေးချယ်မှု၊ စီစဉ်ထုတ်လုပ်မှုတို့ကို ကြီးကြပ်သည့် လူတစ်ဦး သို့မဟုတ် စနစ်ဟု အဓိပ္ပာယ်ရသည့် အယ်ဒီတာစနစ်တွင်ပါဝင်သည်။ ဤချဉ်းကပ်မှုအောက်တွင် ဘလော့ဂါများကို မီဒီယာတိုက်များ အဖြစ် သတ်မှတ်မည်မဟုတ်ပါ (ကိုယ်ပိုင်ဆိုရှယ်မီဒီယာအကောင့်များမှာလည်း မီဒီယာတိုက်အဖြစ် အရည်အချင်း မပြည့်မီပါ)။ အင်ဒိုနီးရှားတွင် အွန်လိုင်း တင်ဆက်သူများသည် အချို့သော ထိန်းချုပ်မှုများနှင့် ကန့်သတ်ချက်များ အပေါ်မူတည်ပြီး စည်းမျဉ်းစနစ်အောက် တွင် အခြေခံအားဖြင့်ပါဝင်ကြကာ စနစ်၏ အကျိုးခံစားခွင့်များကို ခံစားကြသလို

စနစ်၏ တာဝန်ဝတ္တရားများကိုလည်း လိုက်နာကြသည်။ ဘလော့ဂါများအား စနစ်တွင်ပါဝင်ရန် ခွင့်ပြုသော်လည်း မဖြစ်မနေ ပါဝင်ရန် မလိုအပ်ပါ။

မီဒီယာစနစ်အတွက် လိုအပ်သည့် တိကျသော ကျွမ်းကျင်မှုစံနှုန်းများကို ပုံမှန်အားဖြင့် ကျင့်ဝတ်စည်းကမ်း သို့မဟုတ် အလားတူအမည်ပေးထားသည့် စာတမ်းအဖြစ် စာဖြင့်ရေးသားဖော်ပြရန် လိုအပ်ပါသည်။ ဤကျင့်ထုံးတွင် မီဒီယာများထံမှ မျှော်လင့် ထားသည်ကို ရှင်းရှင်းလင်းလင်းသိစေရန် ယေဘုယျအားဖြင့် အသေးစိတ်ဖော်ပြထားသည်။ ကျင့်ထုံးကို အမှန်တကယ် အတည်ပြုပြဋ္ဌာန်းသည့်အဖွဲ့အစည်းပေါ်မူတည်ပြီး ကျင့်သုံးပုံကွဲပြားသည်။ မီဒီယာကိုယ်တိုင် ထိန်းကျောင်းသည့်စနစ်များတွင် အကြီးတန်းမီဒီယာ ကိုယ်စားလှယ်များက ကျင့်ထုံးကို ပြဋ္ဌာန်းပြီး တိုင်ကြားမှုများကို စီရင်ဆုံးဖြတ်သူ တစ်ဦးချင်းစီနှင့် ကွဲပြားနိုင်သည်။ ဗြိတိန်နိုင်ငံ၏ လွတ်လပ်သော စာနယ်ဇင်းစံနှုန်းများအဖွဲ့ (IPSO) တွင် တိုင်ကြားမှုများကို ဆုံးဖြတ်ပေးသည့် တိုင်ကြားစာကော်မတီနှင့်မတူသည့် တည်းဖြတ်သူများ၏ ကျင့်ထုံးဆိုင်ရာ အထူးကော်မတီတစ်ခု ရှိသည်။[13]

သတင်းမီဒီယာကျင့်ဝတ်စည်းကမ်းများတွင်ပါဝင်သော သီးခြားအကြောင်းအရာများ ကွဲပြားသော်လည်း အများစုသည် သတင်းအကြောင်းအရာပြဿနာများ (မည်သည့်အကြောင်းအရာကို မီဒီယာတွင် တင်ဆက်ခွင့်မပြုခြင်း) နှင့် အပြုအမူဆိုင်ရာ ပြဿနာများ (မီဒီယာ သို့မဟုတ် သတင်းသမားများက မည်သို့သော လုပ်ရပ်မျိုး ကိုလုပ်သင့်သည် သို့မဟုတ် မလုပ်သင့်သည်) တို့ကို အများဆုံး ဖော်ပြထားသည်။ ကျင့်ထုံးတစ်ခုနှင့်တစ်ခု ကွဲပြားမှုများရှိသော်လည်း၊ ပြည်သူ့ အကျိုးစီးပွားကို ထမ်းရွက်ရန်၊ တိကျသောအကြောင်းအရာများကို တင်ဆက်ရန်နှင့် ကိုယ်ရေးကိုယ်တာ လုံခြုံရေးကို လေးစားလိုက်နာရန်စသည့် မီဒီယာများ၏ တာဝန်များသည် ကျင့်ထုံးအများစုတွင် တွေ့ရလေ့ရှိသော စံသတ်မှတ်ချက်များ ဖြစ်သည်။ ကျင့်ထုံးအများစုတွင် အမုန်းစကားဥပဒေများတွင် ပါဝင်သည့် ကန့်သတ်တားမြစ်ချက်များထက်ပိုသည့် ခွဲခြားဆက်ဆံခြင်း သို့မဟုတ် အသင်းအဖွဲ့အခြေပြု ရှုတ်ချသောစကားများ ဖြန့်ဝေခြင်း စသည်တို့ကို အမှန်တကယ် တင်းကျပ်ကန့်သတ်ထားသော စည်းမျဉ်းများပါရှိသည်။ အပြုအမူဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍ ကျင့်ဝတ်များစွာတွင် သတင်းသမားများအနေဖြင့် လျှို့ဝှက်ထားရမည့် သတင်းရင်းမြစ်များကို ကာကွယ်ပေးရမည့် ကတိများကို လေးစားလိုက်နာရန်၊ သင့်လျော်သောအခြေအနေတွင် ပြန်လည်ဖြေကြားပေးရန်နှင့် ဝမ်းနည်းပူဆွေး နေသူများအား လေးစားမှုရှိရန် ဖော်ပြထားသည်။ အချို့သော ကျင့်ဝတ်များတွင် မီဒီယာများ အထူးသဖြင့် သတင်းနှင့်

[13] https://www.ipso.co.uk/what-we-do/people/ တွင် ဖတ်ရှုရန်။

မျက်မှောက်ရေးရာ အစီအစဉ်များ၌ သတင်းအစီရင်ခံရာတွင် မျှတမှုနှင့် သမာသမတ်ကျမှုကို လက်တွေ့ပြရန် လိုအပ်ပြီး အချို့ကမူ မီဒီယာများသည် နိုင်ငံရေးတိမ်းညွှတ်သည့်ပုံစံဖြင့် သတင်းတင်ဆက်နိုင်သည်ဟု ယုံကြည်လက်ခံကြသည်။

စည်းကမ်းစနစ်တိုင်းတွင် တိုင်ကြားမှုများအား ကြားနာဆုံးဖြတ်ရန် ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ထံ လုပ်ပိုင်ခွင့်အာဏာ ခွဲဝေပေးရန် လိုအပ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုရမည်ဖြစ်သည်။ ဤအဖွဲ့များအား ခန့်အပ်ခြင်းနည်းလမ်းသည် ၎င်းတို့ အမှီအခိုကင်းကင်းရပ်တည်ရေးအပြင် စနစ်၏ အရည်အသွေး၊ ဂုဏ်သိက္ခာနှင့် လူ့အဖွဲ့အစည်းမှ ရရှိသော ယုံကြည်အားထားမှုတို့အတွက်လည်း အခရာကျသည်။ ကိုယ်တိုင်ထိန်းကျောင်းသည့်စနစ်တွင် အဖွဲ့ဝင်များရွေးချယ်ခြင်းကို မီဒီယာမှလုပ်ဆောင်လေ့ရှိသော်လည်း တစ်ခါတစ်ရံတွင် ကြားခံအဖြစ် အခြားပါဝင်ပတ်သက်သူများ ရှိသည်။ CBSC အတွက် ဘုတ်အဖွဲ့ဝင်များကို သဘာပတိက အဆိုပြု၍ ကျန်ဘုတ်အဖွဲ့ဝင်များမှ ရွေးချယ်အတည်ပြုသော်လည်း ရုပ်သံမီဒီယာများကို ကိုယ်စားပြုသည့် ကနေဒါရုပ်သံမီဒီယာအဖွဲ့မှ တရားဝင်ခန့်အပ်သည်။ [14] ထို့နောက် ဘုတ်အဖွဲ့သည် (အင်္ဂလိပ်–ဘာသာစကားနှင့် ပြင်သစ်–ဘာသာစကား ခုံရုံးများကဲ့သို့) ခုံရုံးအမျိုးမျိုး တွင်ထိုင်သည့် တရားစီရင်ရေးမှူးစာရင်းကို ခန့်အပ်သည်။ [15] ဆွီဒင်နိုင်ငံ သတင်းမီဒီယာ စည်းမျဉ်းစနစ်တွင် သတင်းမီဒီယာ တရားစီရင်ရေးမှူးကို ပါလီမန်အမတ်ချုပ်၊ Swedish Bar Association ၏ ဥက္ကဌ နှင့် အမျိုးသားစာနယ်ဇင်းအသင်း (National Press Club) ၏ ဥက္ကဌတို့ ပါဝင်သော ကော်မတီတစ်ခုမှ ခန့်အပ်သည်။ သတင်းမီဒီယာ တရားစီရင်ရေးမှူးသည် အဓိကအားဖြင့် တိုင်ကြားစာများကို စစ်ဆေးပြီး အရေးကြီးကိစ္စရပ်များကို သတင်းမီဒီယာကောင်စီအား စစ်ဆေးဆုံးဖြတ်ရန် ပေးပို့သည်။ သတင်းမီဒီယာကောင်စီတွင် သဘာပတိအဖြစ် ဆောင်ရွက်သော တရားသူကြီး လေးဦး၊ စည်းမျဉ်းစနစ်ကို ထူထောင်ပြီး ကျင့်ထုံးရေးဆွဲပေးသည့် စာနယ်ဇင်းအဖွဲ့ အစည်း လေးခုနှင့် ရုပ်သံကုမ္ပဏီ လေးခုမှ ကိုယ်စားလှယ် ၁၆ ဦးနှင့် ပြည်သူ့ကိုယ်စားလှယ် ၁၂ ဦးတို့ပါဝင်သည်။ [16]

တိုင်တန်းမှုကို ကိုယ်တွယ်ဖြေရှင်းမည့်အဖွဲ့ဝင်များကို ခန့်အပ်ရာတွင် မီဒီယာသည် အရေးပါသော အခန်းကဏ္ဍတွင် ရှိနေသည့်အချက်ကြောင့် ကောင်စီအဖွဲ့ဝင်များအားလုံး မီဒီယာကို ကိုယ်စားပြုသည်ဟု မဆိုလိုပါ။ CBSC တရားစီရင်ရေးအစီအစဉ်တွင် မီဒီယာကိုယ်စားလှယ်များနှင့် ပြည်သူ့ကိုယ်စားလှယ်များဟူ၍ နှစ်မျိုးလုံးပါဝင်သည်။

[14] https://www.cbsc.ca/about-us/structure/ တွင် ဖတ်ရှုရန်။

[15] https://medieombudsmannen.se/english/ တွင် ဖတ်ရှုရန်။

[16] https://medieombudsmannen.se/english/ တွင်ဖတ်ရှုရန်။

ဖြိတိန်နိုင်ငံ လွတ်လပ်သောစာနယ်ဇင်းစံနှုန်းများအဖွဲ့အစည်း၏ ညှိနှိုင်းဖြေရှင်းရေးကော်မတီတွင် စာနယ်ဇင်းနှင့် မပတ်သက်သော အဖွဲ့ဝင်အများစုရှိသည်။[17]

အင်ဒိုနီးရှားစာနယ်ဇင်းကောင်စီကဲ့သို့သော ဥပဒေအရ ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ကို တည်ထောင်သည့် "ပူးတွဲညှိနှိုင်း ထိန်းကျောင်းသည့်စနစ်" များတွင် အဖွဲ့ဝင်များကို အမည်စာရင်းတင်သွင်းခြင်းနှင့် တရားဝင်ခန့်အပ်သည့်ပုံစံကို ဥပဒေကြောင်းအရ သတ်မှတ်ပေးမည်ဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အင်ဒိုနီးရှားနိုင်ငံတွင် သတင်းစာဆရာအသင်းနှင့် မီဒီယာပိုင်ရှင် အသင်းအဖွဲ့များက ၎င်းတို့၏ သက်ဆိုင်ရာအဖွဲ့ဝင်များကို ကိုယ်စားပြုသည့် အဖွဲ့ဝင် သုံးဦးစီနှင့် အများပြည်သူကို ကိုယ်စားပြုသည့် သုံးဦးပါသည့် အဖွဲ့ဝင်ကိုးဦးစလုံးကို ရွေးချယ်အတည်ပြုသည်။ နိုင်ငံအများစုတွင် ယခုလို သတင်းမီဒီယာကောင်စီ အဖွဲ့ဝင်များကို တရားဝင်ခန့်ထားနိုင်သည့် နိုင်ငံတော် အကြီးအကဲ ကဲ့သို့သော ပုဂ္ဂိုလ်များ အနည်းအကျဉ်းသာရှိပါသည်။ ထို့ကြောင့် အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံတွင် နိုင်ငံတော်သမ္မတက အဖွဲ့ဝင်များကို တရားဝင် ခန့်အပ်သည်။ သတင်းမီဒီယာများအပေါ် စည်းမျဉ်းအာဏာသက်ရောက်မှု ကျင့်သုံးသည့် အဖွဲ့များသည် အစိုးရအပေါ် အမှီအခိုကင်းရန် (သို့မဟုတ် အစိုးရ၏ဝင်ရောက်စွက်ဖက်မှုမှ ကာကွယ်ပေးထားရန်)မှာ နိုင်ငံတကာဥပဒေ၏ အခြေခံမူတစ်ခုဖြစ်သည်။[18] ဤအရာသည် မီဒီယာစည်းမျဉ်းစနစ်တွင်လည်း တန်းတူအရေးပါသော အစိတ်အပိုင်း တစ်ခုဖြစ်ပြီး သေချာစွာ ကိုင်တွယ်စိစစ်ရန် လိုအပ်သည်။ သတင်းမီဒီယာလွတ်လပ်ခွင့်ရရှိစေရန်မှာ နောက်ခံအခြေအနေအပေါ်မူတည်သော်လည်း အဖွဲ့ဝင်များကို ခန့်အပ်သည့်ပုံစံသည်လည်း သတင်းမီဒီယာလွတ်လပ်ခွင့် အတွက် သိမ်မွေ့နက်နဲသော အရေးကိစ္စတစ်ခုဖြစ်သည်။

တိုင်တန်းချက်များကို ညှိနှိုင်းဖြေရှင်းရန် ရှင်းလင်းပြတ်သားသော လုပ်ထုံးလုပ်နည်းများ ရေးဆွဲချမှတ်ထားရှိရန်လည်း လိုအပ်သည်။ တိုင်ကြားသူများက လိုအပ်သော အချက်အလက်အားလုံးပေးပြီး တိုင်ကြားနိုင်ရန် ရိုးရှင်းသော လုပ်ထုံးပုံစံထားရှိခြင်းမှာ အလေ့အကျင့်ကောင်းတစ်ရပ်ဖြစ်သည်။ ကြားနာစစ်ဆေးရာတွင် အနည်းဆုံး နှစ်ဖက်စလုံး (တိုင်ကြားသူနှင့် သက်ဆိုင်ရာမီဒီယာတိုက်) အား ကိုယ်စားပြုခွင့်ပေးခြင်းနှင့် တစ်ဖက်မှ စွပ်စွဲချက်များကို လျှောက်လဲတုံ့ပြန်ခွင့်တို့ပါဝင်သည့် လုပ်ထုံးလုပ်နည်းမျိုး ချမှတ်ကျင့်သုံး ရန်မှာ ကောင်စီ၏ တာဝန်ပင်ဖြစ်သည်။

---

[17] https://www.ipso.co.uk/what-we-do/people/ တွင်ဖတ်ရှုရန်။

[18] Centre for Law and Democracy နှင့် International Media Support တို့ ပူးတွဲထုတ်ပြန်သော လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုခွင့်_အမှီအခိုကင်းသော မီဒီယာစည်းမျဉ်းနှင့်စပ်လျဉ်းသည့် မှတ်စု။ အင်္ဂလိပ်ဘာသာဖြင့်ဖတ်ရှုရန်: http://www.law-democracy.org/live/wp-content/uploads/2015/02/foe-briefingnotes-4.pdf မြန်မာဘာသာဖြင့်ဖတ်ရှုရန် : http://www.law-democracy.org/live/wp-content/uploads/2015/02/Brief-4.independent-regulation.Myanmar.pdf

စည်းမျဉ်းစနစ်က မည်သို့သော အရေးယူမှုများ သို့မဟုတ် ညှိနှိုင်းဖြေရှင်းချက်များ ချမှတ်နိုင်သည်ကို သတ်မှတ်ရန် လိုအပ်မည်ဖြစ်သည်။ ပြစ်ဒဏ်များသည် အလွန်အမင်း လေးလံခြင်း သို့မဟုတ် ပြင်းထန်ခြင်း မရှိခြင်းမှာ ဤစနစ်၏ အနှစ်သာရ ဖြစ်သည်၊ သို့မဟုတ်ပါက အရပ်ဘက် သို့မဟုတ် ရာဇဝတ်ကြောင်းဥပဒေ နှင့် အလားတူ သွားချေမည် ဖြစ်သည်။ သတင်းမီဒီယာစည်းမျဉ်းစနစ်များသည် မီဒီယာများအပေါ်ပါ ကျင့်သုံးလာတတ်သည့် အရပ်ဘက် သို့မဟုတ် ရာဇဝတ်ကြောင်းဥပဒေများတွင် တွေ့ရလေ့ရှိသည့် သတင်းတင်ဆက်မှု ကန့်သတ်ခံရခြင်းမျိုးနှင့် အလားတူမဖြစ်သင့်ပေ။ ယင်းအစား၊ သတင်းမီဒီယာစည်းမျဉ်းစနစ်များသည် သင့်တင့်သောပြစ်ဒဏ်များချမှတ်ခြင်းဖြင့် မီဒီယာများအတွက် ပိုမိုအသေးစိတ်ပြီး အဆင့်အတန်းမြင့်သော စံနှုန်းများထူထောင်နိုင်စေရန် မျှော်မှန်းခြင်းပင်ဖြစ်သည်။ အင်ဒိုနီးရှားကဲ့သို့ နိုင်ငံအချို့တွင် တိုင်ကြားသူများသည် မီဒီယာတိုက်တစ်ခုအား တရားရုံးတွင် တရားမစွဲဆိုခင် မီဒီယာစည်းမျဉ်းစနစ်ဖြင့် တရားဝင်ညှိနှိုင်းဖြေရှင်းရန်လိုအပ်သည်။ ဤစည်းမျဉ်းကြောင့် အင်ဒိုနီးရှားနိုင်ငံတွင် သတင်းမီဒီယာများအား တရားဝင်တရားစွဲဆိုမှုများ လွန်စွာနည်းပါး သွားခဲ့သည်။ တရားရုံးများသည် မီဒီယာအားတရားစွဲဆိုမှုနှင့်ဆိုင်သည့် အမှုကိစ္စတိုင်းတွင် ထိခိုက်နစ်နာမှု သို့မဟုတ် အခြားသော ပြစ်ဒဏ်များကို စိစစ်သည့်အခါ အနည်းဆုံး သတင်းမီဒီယာစည်းမျဉ်းဥပဒေမှ ချမှတ်ထားသော ညှိနှိုင်းဖြေရှင်းမှုများကိုထည့်သွင်းစဉ်းစားသင့်သည်။ အသရေဖျက်မှုကိစ္စမျိုးတွင် မီဒီယာဘက်မှ ကျိုးကြောင်းဆီလျော်စွာ ချက်ချင်းအမှားပြင်ဆင် ချက်ပေးခြင်း သို့မဟုတ် သတင်းမီဒီယာ တိုင်ကြားရေး စနစ်မှတစ်ဆင့် မီဒီယာလုပ်ငန်းမှ ပြန်လည်လျှောက်လဲ ဖြေကြားခွင့်မျိုး ရှိခဲ့ပါက တရားဥပဒေကြောင်းအရ ထိခိုက်နစ်နာမှု လည်း တစ်ဆက်တည်း လျော့နည်း သွားမည်ဖြစ်သည်။

စနစ်အများစု၌ အာဏာတည်စေရန်အရေးယူဆောင်ရွက်ရာတွင် လူသိရှင်ကြားသတိပေးချက်ထုတ်ပြန်ခြင်း၊ မီဒီယာ ကျင့်ဝတ် ဖောက်ဖျက်မှုအတွက် အမှားဝန်ခံကြောင်းကြေညာချက် နှင့် အမှားပြင်ဆင်ချက်ကို တရားဝင်ထုတ်ပြန်ရခြင်းမျိုးကိုပဲ အသုံးပြုကြတာများသည်။ တစ်ချို့ အမှုကိစ္စများတွင် ဒဏ်ကြေးငွေပေးဆောင်စေသည်အထိ ပြစ်ဒဏ်ချမှတ်ကြသည်။ ဆွီဒင်နိုင်ငံ မီဒီယာစည်းမျဉ်းစနစ်တွင် ကျင့်ဝတ်ချိုးဖောက်ကြောင်း တွေ့ရှိရသည့် မီဒီယာတိုက်များသည် မီဒီယာအမှုစစ် အား ဒဏ်ကြေးငွေပေးဆောင်ရမည်ဖြစ်သည်။ ဗြိတိန်နိုင်ငံတွင် လွတ်လပ်သော စာနယ်ဇင်းစံချိန်စံညွှန်းအဖွဲ့ ( IPSO) မှ ဗြိတိန်ပေါင် ၁,၀၀၀,၀၀၀ (စာဖြင့် တစ်သန်း)[19] အထိ ဒဏ်ငွေချမှတ်နိုင်သော်လည်း အထူးသဖြင့် မီဒီယာ ကိုယ်တိုင်ထိန်းကျောင်းသည့်စနစ်မျိုးတွင် လွန်စွာဖြစ်ခဲပါသည်။

[19] https://www.ipso.co.uk/monitoring/standards-investigations/ တွင် လေ့လာရန်။

## အကျိုးကျေးဇူးများနှင့် အခြားအခန်းကဏ္ဍများ

သတင်းမီဒီယာစည်းမျဉ်းစနစ်များသည် ယေဘုယျအားဖြင့် အများပြည်သူ၊ မီဒီယာနှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးကျေးဇူးများစွာရှိသည်။ ပရော်ဖက်ရှင်နယ်ဆန်မှုဆိုင်ရာ ကျင့်ဝတ်ချိုးဖောက်မှုများကို ဖြေရှင်းရန် အများသူငှာ အမှန်တကယ်လက်လှမ်းမီနိုင်သည့် တစ်ခုတည်းသော စနစ်ကိုကိုယ်စားပြုသည်။ အသရေဖျက်မှု သို့မဟုတ် ကိုယ်ရေးကိုယ်တာလုံခြုံမှုကို ချိုးဖျက်မှု များကဲ့သို့ မီဒီယာမှကျူးလွန်သော အရပ်ဘက် သို့မဟုတ် ရာဇဝတ်ကြောင်းဆိုင်ရာ အမှားများကို တရားရုံးများမှတစ်ဆင့် လျှောက်ထားနိုင်သည်မှာမှန်သော်လည်း၊ ဤဖြေရှင်းမှုမျိုးသည် သိသိသာသာ အကုန်အကျများပြီး နိုင်ငံသားအများစုအတွက် အချိန်လည်းကုန်စေပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း၊ ဝမ်းနည်းကြေကွဲနေမှုကို လေးစားခြင်း သို့မဟုတ် အသင်းအဖွဲ့အခြေပြု ရှုတ်ချသောမှတ်ချက်များမပေးခြင်း စသည်ဖြင့် ကျင့်ဝတ်အမျိုးမျိုးတွင်ပါရှိသည့် စံနှုန်းအများအပြားကို အရပ်ဘက် သို့မဟုတ် ရာဇဝတ်ကြောင်းဥပဒေတွင် လုံးဝမတွေ့ရှိရပါ (ပါရှိခဲ့ပါကလည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အမှန်ပင်၊ ချိုးဖေါက်ရာကျမည်ဖြစ်သည်)။

ဤစနစ်များသည် မီဒီယာအတွက် အကျိုးကျေးဇူးများစွာရှိသည်။ ၎င်းတို့သည် အကုန်အကျများ၊ အချိန်ကုန်ပြီး ပြင်းထန်သော အရေးယူမှုများပါဝင်နိုင်သည့် တရားရုံးများမှ တိုင်ကြားမှုများနှင့် ဝေးရာသို့ လမ်းကြောင်းလွှဲပို့လေ့ရှိသည်။ ပို၍အရေးကြီးသည်မှာ၊ မကြာခဏဆိုသလို ဝေဝါးတတ်သည့်အတိုင်း မည်သည့်လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စံချိန်စံညွှန်း များက မီဒီယာအတွက် သင့်လျော်ကြောင်းကို ပိုမိုမြင်သာစေသည်။ သက်ဆိုင်ရာစံနှုန်းများကို အသေးစိတ်ဖော်ပြ ထားသည့် ကျင့်ဝတ်စည်းကမ်းမျိုးကို ကျင့်သုံးခြင်းဖြင့်လည်း မြင်သာစေသလို မတူညီသော သီးသန့်နောက်ခံအကြောင်း အရာများနှင့် စပ်လျဉ်း၍ အဆိုပါစံနှုန်းများကို ကြားနာစစ်ဆေးပေးသည့် ညှိနှိုင်းဖြေရှင်းရေး အဖွဲ့၏ ဆုံးဖြတ်ချက်များမှ တစ်ဆင့်လည်း မြင်သာစေပါသည်။ ဥပမာအားဖြင့် ကျင့်ဝတ်စည်းကမ်းတစ်ခုသည် အများအကျိုးစီးပွားအပေါ်မူတည်ပြီး ပုံမှန်အားဖြင့် ကိုယ်ရေးကိုယ်တာလုံခြုံရေးကို လေးစားမှုရှိစေမည်ဖြစ်ပြီး တစ်ချို့သော ကိစ္စရပ်များတွင်မူ မတူညီသော အခြေအနေများ၌ ကိုယ်ရေးကိုယ်တာလုံခြုံရေးထက် အများအကျိုးစီးပွားက လက်တွေ့တွင် မည်မျှပို၍ ပဓာန ကျသည်ကို မြင်သာစေမည်ဖြစ်သည်။

လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် ဤစည်းမျဉ်းစနစ်များသည် ပရော်ဖက်ရှင်နယ်ဆန်မှုကို မြှင့်တင်ရာတွင် များစွာ ထိရောက်မှုရှိတတ်သလို သတင်းရင်းမြစ်တစ်ခုအဖြစ် မီဒီယာအပေါ် ယုံကြည်ကိုးစားမှုနှင့် မှီခိုအားထားမှုကို

တိုးမြင့်လာစေသည်။ မီဒီယာအပေါ်ယုံကြည်ကိုးစားမှုသည် အမြဲတစေ အရေးကြီးသလို ခေတ်သစ်ပတ်ဝန်းကျင်တွင် ရှုပ်ထွေးသော သတင်းရင်းမြစ်များသာမက စိတ်မချရသော သတင်းရင်းမြစ်များနှင့် သတင်းအမှားများ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့နေသည့်အတွက် အန္တရာယ်လည်း ပိုကြီးပါသည်။

အများအားဖြင့် ဤ မီဒီယာစနစ်များသည် တိုင်ကြားချက်များကို ညှိနှိုင်းအဖြေရှာခြင်းထက် များစွာအရေးပါသော အခန်းကဏ္ဍတွင် ပါဝင်သည်။ အနီးကပ်ဆက်စပ်လုပ်ဆောင်မှုတစ်ခုအနေဖြင့် အချို့ကိစ္စများတွင် စနစ်များသည် တိုင်ကြားချက်များကို ညှိနှိုင်းဆုံးဖြတ်ရုံသာမက မီဒီယာကို တက်ကြွစွာစောင့်ကြည့်ပြီး ပရော်ဖက်ရှင်နယ်မဆန်သော အပြုအမူများကို အရေးယူဆောင်ရွက်ပါသည်။ အချို့သောကိစ္စများတွင်မူ စနစ်သည် ကျင့်ဝတ် ချိုးဖောက်မှု များကို တိုက်ရိုက်အရေးယူခြင်းထက် အများကြီးပိုပါသည်။ ဥပမာ–အင်ဒိုနီးရှားနိုင်ငံတွင် ၁၉၉၉ ခုနှစ် စာနယ်ဇင်းဥပဒေ ပုဒ်မ ၁၅ (၂) အရ စာနယ်ဇင်းကောင်စီက အောက်ပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်သည်–

- သတင်းမီဒီယာလွတ်လပ်ခွင့်ကို အခြားသူများ၏ ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်ရန်၊
- စာနယ်ဇင်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် လေ့လာမှုများ လုပ်ဆောင်ရန်၊
- သတင်းစာပညာကျင့်ဝတ်ကို ကြီးကြပ်ရန်နှင့် အကောင်အထည်ဖော်ကျင့်သုံးရန်၊
- သတင်းထုတ်ဝေမှုနှင့် ပတ်သက်သည့် ကိစ္စများအတွက် လူထု၏ တိုင်ကြားချက်များကို ထည့်သွင်းစဉ်းစားပြီး ကူညီဖြေရှင်းပေးရန်၊
- စာနယ်ဇင်းများ၊ ပြည်သူများနှင့် အစိုးရအကြား ဆက်သွယ်ရေးလွယ်ကူချောမွေ့စေရန်၊
- သတင်းမီဒီယာနယ်ပယ်တွင် စည်းမျဉ်းများချမှတ်ရာတွင် စာနယ်ဇင်းအဖွဲ့အစည်းများကို ကူညီရန်နှင့် သတင်းစာပညာ၏ အရည်အသွေးကို မြှင့်တင်ပေးရန်၊ နှင့်
- စာနယ်ဇင်းကော်ပိုရေးရှင်းများတွင် သတင်းအချက်အလက်ဘဏ်တိုက် တစ်ခု တည်ထောင်ရန် တို့ဖြစ်ပါသည်။

ထို့ကြောင့် သတင်းမီဒီယာလွတ်လပ်ခွင့်နှင့်စပ်လျဉ်းပြီး ပတ်ဝန်းကျင်ရှိ လူမှုပဋိပက္ခများကို ဖြေရှင်းရန် အသိပညာပေးခြင်း၊ ဆွေးနွေးပွဲများကျင်းပခြင်းစသည့် လုပ်ငန်းများဆောင်ရွက်ရန် ကောင်စီက ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘော

ပေါက်ထားသည်။ ယေဘုယျအားဖြင့် သတင်းမီဒီယာလွတ်လပ်ခွင့်ကို ကာကွယ်ခြင်း၊ သုတေသနပြုခြင်းနှင့် မီဒီယာ၊ ပြည်သူလူထုနှင့် အစိုးရတို့အကြား ဆက်သွယ်ရေး လွယ်ကူချောမွေ့စေခြင်းစသည့် ကိစ္စရပ်များမှာ စာနယ်ဇင်းကောင်စီ၏ လုပ်ငန်းဆောင်တာများတွင် ပါဝင်သည်။

## ယနေ့မြန်မာနိုင်ငံအတွက် သတင်းမီဒီယာစည်းမျဉ်းစနစ်ဆိုင်ရာ အကြံပြုချက်များ

ယနေ့ခေတ် မြန်မာနိုင်ငံတွင် ဖြစ်တောင့်ဖြစ်ခဲ အခြေအနေများရှိနေသော်လည်း သတင်းမီဒီယာ စည်းမျဉ်းစနစ်တစ်ခုအတွက် အဓိက မောင်းနှင်အားများဖြစ်သည့် ပရော်ဖက်ရှင်နယ်မဆန်သော အပြုအမူအတွက် လက်လှမ်းမီနိုင် သောတိုင်ကြားရေးစနစ်တစ်ရပ်ကို ပံ့ပိုးပေးခြင်းနှင့် ယေဘုယျအားဖြင့် မီဒီယာလုပ်ငန်းကျွမ်းကျင်ပိုင်နိုင်မှု တိုးတက်လာစေရေးတို့သည် မြန်မာ့သတင်းမီဒီယာများအပေါ်တွင် ခိုင်ခိုင်မာမာ သက်ရောက်နေသည်။ အမှန်စင်စစ် ဤစနစ်ဖြင့် မြှင့်တင်ပေးနိုင်သည့် ပရော်ဖက်ရှင်နယ်ဆန်မှု နှင့် ၎င်းနှင့်အတူပါလာသော ယုံကြည်ကိုးစားမှုနှင့် ယုံကြည်စိတ်ချရမှု နှစ်ခုစလုံးသည် တခြားဒေသရှိ မီဒီယာများထက် မြန်မာနိုင်ငံသတင်းကို အာရုံစိုက်လုပ်ဆောင်နေသည့် မီဒီယာများအတွက် ပို၍ပင် လိုအပ်နေပါသည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် တရားဥပဒေကြောင်းအရ ဖွဲ့စည်းထားသည့်အဖွဲ့အစည်းမဟုတ်သည့်အပြင် မြန်မာ့မီဒီယာဆိုင်ရာ မည်သည့်စည်းမျဉ်းစနစ်ကိုမဆို ကြီးကြပ်ကွပ်ကဲသည့်အဖွဲ့အဖြစ် ထမ်းဆောင်နိုင်မည် မဟုတ်ကြောင်း သိသာထင်ရှားပါသည်။

မြန်မာ့အရေးတင်ဆက်နေသော မီဒီယာများအတွက် သတင်းမီဒီယာစည်းမျဉ်းစနစ်တစ်ခု ထူထောင်လိုသူတိုင်းအနေဖြင့် ကျင့်ဝတ်စည်းကမ်းက မည်သူတို့အပေါ် အာဏာသက်ရောက်သင့်သနည်း၊ ကျင့်ဝတ်စည်းကမ်း တွင် မည်သည့်အချက်များ ပါဝင်ကျင့်သုံးမည်နည်း၊ မည်သည့်အဖွဲ့အစည်းကို ခန့်အပ်ပြီး တိုင်ကြားချက်များကို ကြားနာစစ်ဆေးမည်နည်းနှင့် မည်သို့သောပြစ်ဒဏ်ချမှတ်မည်နည်းစသည့် မီဒီယာကိုယ်တိုင်ထိန်းကျောင်းသည့် စနစ်နှင့် ပူးတွဲညှိနှိုင်းထိန်းကျောင်းသည့် အဖွဲ့အစည်းတစ်ခု၏ အဓိက အင်္ဂါရပ်လေးရပ်ကို မည်သို့မည်ပုံ ကိုင်တွယ်ဖြေရှင်းမည် ဆိုသည်ကို သေချာစွာ စဉ်းစားတွေးတောရန် လိုသည်။

စည်းမျဉ်းစနစ်သည် အချိန်ကြာလာသည်နှင့်အမျှ ကိုယ်တိုင်ထိန်းကျောင်းသည့် စနစ်အဖြစ် ဆက်လက် တည်ရှိနေရန် ရည်ရွယ်ထားခြင်း ရှိ၊ မရှိ၊ အထူးသဖြင့် မြန်မာနိုင်ငံ ဒီမိုကရေစီနိုင်ငံအဖြစ် ပြန်လည်ရပ်တည်ချိန်တွင် သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့် ပရော်ဖက်ရှင်နယ်ဆန်မှုတို့ကို ပံ့ပိုးပေးမည့် သတင်းမီဒီယာကောင်စီကို လွတ်လပ်စွာ ပြန်လည်ခန့်အပ်နိုင်ချေရှိရာ အချိန်ကြာလာသည်နှင့်အမျှ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မည်သို့ဆက်စပ်တည်မှီ မည်မှာ နောက်ထပ် ထည့်သွင်းစဉ်းစားရဦးမည့် ကိစ္စရပ်ဖြစ်သည်။

ဤလမ်းညွှန်မှတ်စုအစပိုင်းတွင် ဥပမာအားဖြင့် ဒေသတွင်း သို့မဟုတ် နိုင်ငံတကာ အစည်းအဝေးများတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ပါဝင်ခဲ့သည့် ကိုယ်စားပြုအခန်းကဏ္ဍကို အစားထိုးရန် လိုအပ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။ ဤအခန်းကဏ္ဍကို ထမ်းဆောင်ရန်အတွက် တရားဝင်အဖွဲ့အစည်းတစ်ခုအဖြစ် လက်ခံနိုင်စေရန် လွတ်လပ်သော သတင်းမီဒီယာစည်းမျဉ်းစနစ်သစ်တစ်ခုအတွက် သင့်လျော်သောစည်းမျဉ်းများနှင့် ဌာနတွင်းစနစ်များ ထားရှိခြင်းအပါအဝင် မှန်ကန်စွာဖွဲ့စည်းထားရန် လိုအပ်မည်ဖြစ်သည်။ အောက်ပါဆွေးနွေးချက်သည် ထိုအခြေအနေများနှင့် ကိုက်ညီသော စနစ်တစ်ခု ဖန်တီးရန် ရည်ရွယ်ပါသည်။

## မီဒီယာကိုယ်တိုင်ထိန်းကျောင်းခြင်းစနစ် (သို့) ပူးတွဲညှိနှိုင်းထိန်းကျောင်းခြင်းစနစ်၏ ရေရှည်အလားအလာ

လက်ရှိတွင် သတင်းမီဒီယာစည်းမျဉ်းစနစ်အတွက် အလားအလာရှိသည့် တစ်ခုတည်းသော နည်းလမ်းမှာ မီဒီယာကိုယ်တိုင် ထိန်းကျောင်းသည့် စနစ်တစ်ခု ဖြစ်ပုံရသည်။ စစ်ကောင်စီသည် ဥပဒေပြုနေဆဲဖြစ်သော်လည်း၊ တရားမဝင် အာဏာရှင်စနစ်ဖြစ်နေခြင်းမှ အစပြု၍ တခြားအကြောင်းပြချက်များစွာဖြင့် ဤစနစ်ကို စစ်အစိုးရက အတည်ပြုပေးရန် အလားအလာမရှိခြင်းမှာ သိသာထင်ရှားပါသည်။ သီအိုရီအရ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အား စနစ်အားထောက်ခံ ကျင့်သုံးရန် ဥပဒေလမ်းကြောင်းတစ်လျှောက် ချဉ်းကပ်မှုများရှိနိုင်သည်။ ဤအချက်ကို လုံးလုံးလျားလျား ဖယ်ထုတ် မပစ်သည့်တိုင် အားနည်းချက်များလည်း အတော်အတန် ရှိပုံပေါ်သည် ။

သို့သော် ယခု လက်ရှိထူထောင်ထားပြီးသည့်အရာကနေ ရေရှည်ကို ရှုမြင်စဉ်းစားသင့်သည်။ မြန်မာနိုင်ငံသည် စစ်ကောင်စီကို အချိန်တိုအတွင်း ဖြုတ်ချပြီး ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိနိုင်မည်ဟု မျှော်လင့်ကောင်းမျှော်လင့်နိုင်သည်။ လက်ရှိဆောင်ရွက်နေမှုများသည် ထိုကာလသို့ရောက်ရှိသည့်အခါ မည်သို့ရည်ရွယ်ပြီး မည်သို့အသွင် ကူးပြောင်းမည်ကို ကြိုတင်စဉ်းစားသင့်သည်။ ဖြစ်နိုင်ချေအချို့ရှိပါသည်။

ပထမအချက်မှာ လက်ရှိ ရှိနေသောအရာများအား ဖြစ်တောင့်ဖြစ်ခဲအချိန်တွင် တစ်မူထူးစွာကြားဖြတ်ဆောင်ရွက်ရမှုအဖြစ် ရှုမြင်ပြီး ဒီမိုကရေစီနိုင်ငံတော်သို့ ပြန်လည်ရောက်ရှိသည့်အခါတွင် မူလရှိရင်းစွဲအခြေအနေသို့ ပြန်လည်ရောက်ရှိသွားစေရန် သတင်းမီဒီယာဥပဒေအောက်တွင် ဖွဲ့စည်းထားသော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို မီဒီယာထိန်းကျောင်းသူအဖွဲ့အစည်းအဖြစ် အသုံးချခြင်းဖြစ်သည်။ ယင်းသည် အနည်းဆုံး သဘောတရားအရနှင့် ကြိုတင်ပြင်ဆင်ရန် ရိုးရှင်းသောချဉ်းကပ်မှုတစ်ခုဖြစ်သည်။ သို့သော် အားနည်းချက်များအနေဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှာ ကာလအတိုင်းအတာတစ်ခုအထိ (ဆိုလိုသည်မှာ) ဒီမိုကရေစီမဆန်သော သတင်း မီဒီယာကောင်စီအဖြစ် ရှိနေခဲ့ပြီးနောက် ဒီမိုကရေစီဆန်သော အဖွဲ့အစည်းအဖြစ် ပြန်လည်တည်ဆောက်ရန် ခက်ခဲနိုင်ခြင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ လုပ်ငန်းလည်ပတ်ပုံမှာ အားနည်းချက်များ အမြဲရှိနေခဲ့ခြင်း ( ထို့ကြောင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြန်လည်ရရှိသည့် ပတ်ဝန်းကျင်ကို အခွင့်ကောင်းယူ၍ ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ရန် သင့်ပေသည်)၊ ထိုနည်းတူစွာ သတင်း မီဒီယာဥပဒေနှင့် ပတ်သက်သည့် ပြဿနာများ အမြဲရှိနေခဲ့ခြင်းတို့ ဖြစ်နေပြီး ဒီမိုကရေစီပြန်လည်ရရှိချိန်ကို အခွင့်ကောင်းယူ၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ကောင်း ဆောင်ရွက်နိုင်ပေမည်။[20] ထို့အပြင် လက်ရှိအစီအမံသည် ခိုင်မာထိရောက်ပြီး ပိုမိုကောင်းမွန်လာနိုင်သည့် မီဒီယာစည်းမျဉ်းစနစ်တစ်ခုအဖြစ် ကြီးထွားလာရန် အတော်အလှမ်းဝေးသလို၊ ၎င်းအား ပယ်ဖျက်ရန်ပင် ဖြစ်လာနိုင်ချေရှိသည်။

ဒုတိယရွေးချယ်မှုမှာ ဒီမိုကရေစီစနစ်သို့ ပြန်လည်ရောက်ရှိပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို ဖျက်သိမ်းပြီးနောက် လက်ရှိလုပ်ဆောင်နေသည့် အစီအစဉ် ဆက်လက်ရပ်တည်သွားရန် မျှော်မှန်းနိုင်သည်။ သို့ရာတွင် အနည်းဆုံး သတင်းမီဒီယာဥပဒေကို ပြန်လည်ပြင်ဆင်ရန် လိုအပ်မည်ဖြစ်သည်။ လက်ရှိအစီအစဉ်ကို အသိအမှတ်ပြုရန် နည်းလမ်းတစ်ခုမှာ

[20] ဥပမာအားဖြင့် Centre for Law and Democracy နှင့် International Media Support တို့ ပူးတွဲထုတ်ဝေသော မြန်မာ့သတင်းမီဒီယာဥပဒေနှင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများဥပဒေ ကို ပြုပြင်ပြောင်းလဲခြင်း။ ၂၀၁၉ ခုနှစ် https://www.law-democracy.org/live/wp-content/uploads/2019/01/Media-Law-and-PPEL-Note.Jan19.final_.pdf

ပြန်လည်ပြင်ဆင်ထားသော သတင်းမီဒီယာဥပဒေတွင် သက်ဆိုင်ရာပြဋ္ဌာန်းချက်များကို ထည့်သွင်းရန် (ဆိုလိုသည်မှာ ၎င်းအား ပူးတွဲညှိနှိုင်းထိန်းကျောင်းသည့် စနစ်အဖြစ် ပြောင်းလဲရန်) ဖြစ်သည်။ သို့တည်းမဟုတ် ကိုယ်တိုင်ထိန်းကျောင်းသည့် စနစ်အဖွဲ့အဖြစ် ဆက်လက်ရပ်တည်နိုင်သည်။

တတိယနည်းလမ်းမှာမူ မြန်မာနိုင်ငံ ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ ပြန်လည်ရောက်ရှိရန် အလားအလာရှိသော လမ်းကြောင်းမှာ လက်ရှိတွင် မမြင်သာသေးသည့်အတွက် ယင်းနှင့်ပတ်သက်၍ အလွန်အမင်းစိတ်မပူရန်ဖြစ်သည်။ ထိုသို့ ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရန် အချိန်အတော်ကြာနိုင်ပြီး ကြားဝင်စွက်ဖက်မှုအမျိုးမျိုးဖြစ်ပေါ်လာပါက လက်ရှိအနေအထားကနေ သိသိသာသာ ပြောင်းလဲသွားနိုင်သည်။

## မည်သည့်မီဒီယာကို လွှမ်းခြုံထားမည်နည်း။

မီဒီယာစည်းမျဉ်းစနစ်တိုင်းတွင် မည်သည့်မီဒီယာကို လွှမ်းခြုံထားသည်ကို မျှမျှတတ ရှင်းရှင်းလင်းလင်း သတ်မှတ်ရန် အရေးကြီးပါသည်။ စပ်ကူးမတ်ကူးအနေအထားတွင်ရှိနေသည့် မြန်မာ့အရေးတင်ဆက်နေသော သတင်းမီဒီယာများ အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ယင်းတွင် နိုင်ငံပြင်ပတွင် ရုံးချုပ်ရှိသော အမှီအခိုကင်းသော မီဒီယာများ၊ နိုင်ငံအတွင်းသတင်းရယူလျက်ရှိသည့် လွတ်လပ်သည့်မီဒီယာများနှင့် အမှီအခိုမကင်းသည့် သတင်းမီဒီယာများ ပါဝင်သည်။ ဤနေရာတွင် အနည်းဆုံး ပထမအမျိုးအစားနှစ်ခုတွင်၊ ဝန်ထမ်းအများအပြားဖြင့် ကောင်းမွန်စွာရပ်တည်နေသော မီဒီယာတိုက်များမှသည် ဝန်ထမ်းအရေအတွက်နည်းပါးပြီး သတင်းကိုပုံမှန်မတင်ဆက်နိုင်သော သတင်းတိုက်ငယ်များနှင့် သတင်းတိုက်ချည်းသက်သက်ထက် လူမှုမီဒီယာအကောင့်များနှင့် ပိုမိုနီးစပ်သည့် လူတစ်ဦးချင်း လှုပ်ရှားဆောင်ရွက်မှုများလည်းရှိနေသည်။

အဆိုပါစိန်ခေါ်မှုများကြောင့် သတင်းမီဒီယာကျင့်ထုံးအောက်တွင် မည်သူမည်ဝါ အကျုံးဝင်မည်ကို သတ်မှတ်ရန် ပို၍ လိုက်လျောညီထွေရှိသော ချဉ်းကပ်မှုကို ရှာဖွေဖို့လိုအပ်ပေမည်။ လက်တွေ့ကျသောအဆင့်တွင် ဤအကြံဉာဏ်ကို စိတ်ဝင်စားပြီး ကျင့်ထုံးဖြစ်မြောက်စေရန် အတူတကွလုပ်ဆောင်ရန်ဆန္ဒရှိသော ပင်တိုင်မီဒီယာသမားအချို့ကို စုစည်းကာ ထိုမီဒီယာများဖြင့် စနစ်ကိုစတင်ခြင်းမှာ အဓိပ္ပာယ်အရှိဆုံးဖြစ်နိုင်သည်။ သို့သော် ရေရှည်၌မူ ပူးပေါင်း ပါဝင် လိုပြီး အရည်အချင်းပြည့်မီသောမီဒီယာအသစ်များ ပေါင်းထည့်ရန်အတွက် စနစ်တစ်ခုရှိရန် လိုအပ်သည်။ ထို့ကြောင့် စနစ်တွင်ပါဝင်ရန် အရည်အချင်းပြည့်မီမည့် ပါဝင်သူအမျိုးအစားအချို့ကို အဓိပ္ပါယ်ဖွင့်ဆိုရန် အရေးကြီး သည်။

မီဒီယာ၏ သတင်းအကြောင်းအရာများကို ဖြန့်ဝေပုံ (ဆိုလိုသည်မှာ လေလှိုင်း၊ ဆိုရှယ်မီဒီယာ၊ ဝဘ်ဆိုက် စသည်ကတစ်ဆင့်) နှင့် ပတ်သက်၍ စနစ်တွင် ဘက်မလိုက်သောမူဝါဒရှိသင့်သည်။ အမျိုးအစားမကင်းသော မီဒီယာကို စနစ်မှဖယ်ထုတ်ခြင်းအတွက် သိသိသာသာ ငြင်းခုံမှုများ ရှိလာနိုင်သည်။ ပထမဦးစွာ အဆိုပါမီဒီယာများသည် စနစ်မှသတ်မှတ်မည့် ပရော်ဖက်ရှင်နယ်စံနှုန်းများနှင့် ကိုက်ညီရန် ဆန္ဒရှိမည်မဟုတ်ပေ။ ဒုတိယအချက်အနေဖြင့် ဤမီဒီယာများသည် အခြေခံအားဖြင့် ဒီမိုကရေစီကို ဆန့်ကျင်ပြီး စနစ်၏ ပင်မအခြေခံမူကို လေးစားလိုက်နာရန် ပျက်ကွက်ကြသည်။ သို့သော် (ထိုကဲ့သို့သော မီဒီယာကို စနစ်အောက်တွင်ပါဝင်ခွင့်ပြုမပြုကို စစ်အစိုးရ၏ ရှုမြင်ချက် သို့မဟုတ် ထိန်းချုပ်မှုမပါဘဲ ၎င်းတို့ထုတ်ဝေသည့် အကြောင်းအရာပေါ်တွင်သာ မူတည်ဆုံးဖြတ်သင့်ပြီး) လက်ခံနိုင်ဖွယ်ရှိသော စံနှုန်းများပေါ်တွင် အခြေခံ၍ မျှတစွာကျင့်ကြံရန် လိုအပ်မည် ဖြစ်သည် ။

ပရော်ဖက်ရှင်နယ်စံနှုန်းများကို လေးစားလိုက်နာရန် အနည်းဆုံး စွမ်းရည် အနိမ့်ဆုံးအဆင့်ကိုလက်တွေ့ပြရန် စည်းမျဉ်းသတ်မှတ်ချက်အချို့လည်း မီဒီယာများအား ချမှတ်ထားသင့်သည်။ သို့မဟုတ်ပါက (၎င်းတို့၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ တိုင်ကြားမှုများစွာ ရှိလာနိုင်သောကြောင့်) ထိုမီဒီယာများက စနစ်အပေါ် မတန်တဆဖိအားများ ပေးလာနိုင်သည်။ ထို့အပြင် စနစ်တွင်ပါဝင်သည့် မီဒီယာအများစုသည် ပရော်ဖက်ရှင်နယ်မဆန်ကြကြောင်း ထင်ရှားပါက စနစ်အပေါ် လူအများ၏ ယုံကြည်ကိုးစားမှုကို ထိခိုက်စေမည်ဖြစ်သည်။ မီဒီယာတိုက်များအား မူအရပါဝင်ရန် ခွင့်ပြုထားသည့် မိတ်ဆက်ကာလမျိုး ရှိနိုင်သော်လည်း ပရော်ဖက်ရှင်နယ် စံနှုန်းများကို လေးစားလိုက်နာနိုင်မှု မြှင့်တင်ရန် ချမှတ်ထားသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလေ့ကျင့်ရေးကာလကို ဖြတ်သန်းရန် လိုအပ်မည်ဖြစ်သည်။

စနစ်တွင်ပါဝင်ရန် သေးငယ်လွန်းသော သို့မဟုတ် ပုံမှန်မဟုတ်သော မီဒီယာများအတွက် မည်သို့သော ဖြတ်တောက်မှုမျိုး ကျင့်သုံးသင့်သည်ကို ထည့်သွင်းစဉ်းစားသင့်သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း၊ ဥရောပစည်းမျဉ်းများတွင် ယေဘုယျအားဖြင့် မီဒီယာများသည် တည်းဖြတ်မှုလုပ်ငန်းစဉ်အချို့ရှိရန် လိုအပ်ပြီး လူတစ်ဦးတည်းအပေါ်တွင် မှီတည်မှု ကင်းလွတ်သည်။ တနည်းအားဖြင့် အင်ဒိုနီးရှားစည်းမျဉ်းများအလျောက် အနိမ့်ဆုံးအခြေအနေအချို့ (ဥပမာ သတင်းအကြောင်းအရာကို တစ်ပတ်လျှင် အနည်းဆုံး သုံးကြိမ် အသစ်တင်ဆက်ခြင်း) နှင့် လျော်ကျွံာတင်သည့် လုပ်ငန်းစဉ်မျိုး မျှော်မှန်းဆောင်ရွက်နိုင်သည်။

စည်းကမ်းစနစ်သည် အဓိကလုပ်ဖော်ကိုင်ဖက်အနည်းငယ်နှင့် စတင်ပြီးနောက် ထိုနေရာမှ ချဲ့ထွင်နိုင်သည်ဟု ယူဆပါက၊ ၎င်းအတွက် လုပ်ငန်းစဉ်အချို့ လိုအပ်မည်ဖြစ်သည်။ လုပ်ငန်းစဉ်တွင် ရိုးရှင်းသော လျှောက်လွှာပုံစံ၊ အဖွဲ့အစည်းတွင် ပါဝင်ရန် အခြေအနေများ ထုတ်ပြန်ခြင်းနှင့် လျှောက်ထားသူများကို လက်ခံခြင်း ရှိ၊ မရှိ ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပါဝင်သင့်သည်။ နောက်ပိုင်းတွင် ဝင်ခွင့်ကော်မတီငယ်တစ်ခုအား ခန့်အပ်ရန်နှင့် လိုအပ်ချက်ပေါ်မူတည်၍ လျှောက်လွှာများကို အလှည့်ကျအခြေခံ၍ သို့မဟုတ် ရက်သတ္တပတ်နှစ်ပတ်လျှင် တစ်ကြိမ် ထည့်သွင်းရန် လိုအပ်ပေမည်။

## ကျင့်ဝတ်စည်းကမ်း

စည်းမျဉ်းစနစ်သည် သတင်းမီဒီယာကျင့်ထုံး သို့မဟုတ် ၎င်း၏စံနှုန်းများကို သတ်မှတ်သည့် အခြားမှတ်တမ်းကိုလည်း ပြုစုရန် လိုအပ်မည်ဖြစ်သည်။ ဤနေရာတွင် ကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့ လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ချမှတ်ထားသော ယခင် သတင်းမီဒီယာကျင့်ထုံး အပါအဝင် အခြားနိုင်ငံများမှ နမူနာယူစရာများစွာရှိပါသည်။ အကောင်းဆုံးအားဖြင့်၊ မူကြမ်းကျင့်ထုံးတစ်ခုပေါ်ပေါက်ရန်မှာ စနစ်၏တစ်စိတ်တစ်ပိုင်း ဖြစ်သည့် သတင်းမီဒီယာက မူကြမ်းအပေါ် အကြံပြုချက်ပေးစွမ်းနိုင်သည့် ညှိနှိုင်းမှုလုပ်ငန်းစဉ်တစ်ခုအပေါ် မူတည်မည် ဖြစ်သည်။

## အဖွဲ့အစည်းဆိုင်ရာအင်္ဂါရပ်များ

စည်းမျဉ်းစနစ်၏ အဖွဲ့အစည်းဆိုင်ရာ အင်္ဂါရပ်များနှင့် ပတ်သက်၍ သုံးသပ်ချက်အချို့လိုအပ်သည်။ အဖွဲ့ဝင်ခွင့်နှင့် သတင်းမီဒီယာကျင့်ထုံး ရေးဆွဲရေးတို့ဆောင်ရွက်သည့် ကော်မတီနှစ်ရပ်ကို ဖော်ပြပြီးဖြစ်သည်။ ထို့အတူ တိုင်ကြားမှုများကို ကြားနာဆုံးဖြတ်ပေးသည့် အဖွဲ့တစ်ခုလည်း လိုအပ်မည်ဖြစ်ပြီး သတင်းမီဒီယာကျင့်ထုံး မူကြမ်းရေးဆွဲရေးကော်မတီ သို့မဟုတ် အခြားအဖွဲ့က အဆိုပါတာဝန်ကို ထမ်းဆောင်နိုင်သည်။ စည်းမျဉ်းစနစ်အား စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ရန် နောက်ထပ်အဖွဲ့တစ်ခုလည်း လိုအပ်နိုင်သည်။ အကောင်းဆုံးမှာ တိုင်ကြားချက် များကို ကြားနာစစ်ဆေးသည့် အဖွဲ့အစည်းတွင် အမှီအခိုကင်းသော ပြည်သူ့ကိုယ်စားလှယ်များနှင့် မီဒီယာ

ကိုယ်စားလှယ်များပါရှိသင့်ပြီး စီမံခန့်ခွဲမှုအဖွဲ့တွင်မူ မီဒီယာကိုယ်စားလှယ်များသာ ပါဝင်နိုင်သည်။ အစပိုင်းတွင်၊ အနည်းဆုံး၊ စီမံခန့်ခွဲမှုအဖွဲ့ (ဘုတ်အဖွဲ့ သို့မဟုတ် အမှုဆောင်ကော်မတီကဲ့သို့) ကပင်လျှင် မတူညီသောအဖွဲ့များကို ခန့်ထားရန် လုံလောက်မည်ဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ ပိုနက်နဲသည့်အစီအစဉ်များကို လိုအပ်သလို ထည့်သွင်းနိုင်သည်။

အစပိုင်းတွင် ဘုတ်အဖွဲ့အား စနစ်တွင်ပါဝင်သည့် ပင်မမီဒီယာများမှ ကိုယ်စားလှယ်များဖြင့်သာ ဖွဲ့စည်းနိုင်သည်။ တနည်းအားဖြင့် အစောပိုင်းအဆင့်မှာတင် ကိုယ်စားလှယ်အရေအတွက်များလွန်းနေပါက ဘုတ်အဖွဲ့ သို့မဟုတ် အလုပ်အမှုဆောင် ကော်မတီကို တစ်နှစ် သို့မဟုတ် နှစ်နှစ်သက်တမ်းအထိ ရွေးကောက်တင်မြှောက်နိုင်သည်။ ဘုတ်အဖွဲ့ကို ရွေးကောက်တင်မြှောက်ခြင်းနည်းလမ်းတွင် ပါဝင်သောမီဒီယာအရေအတွက် တိုးလာသည်နှင့်အညီ အချိန်ကြာလာသည်နှင့်အမျှ အားကောင်းလာနိုင်သည်။

## နိဂုံး

အာဏာသိမ်းမှုမတိုင်မီ မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သည့် ဒီမိုကရေစီ စနစ်သစ်နှင့် ချဉ်းကပ်မှု အများအပြားသည် လုံးဝ သို့မဟုတ် ဒီမိုကရေစီနည်းလမ်းအရ အလုပ်မဖြစ်တော့ပါ။ ယင်းတွင် အဓိက အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အပါအဝင် သတင်း မီဒီယာဥပဒေအောက်ရှိ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စည်းမျဉ်းစနစ်များ ပါဝင်သည်။ သို့သော် မြန်မာ့အရေးတင်ဆက်နေသောမီဒီယာများအတွက်၊ ပရော်ဖက်ရှင်နယ်ဆန်မှုကို အားပေးပံ့ပိုးရန်၊ မီဒီယာအပေါ် ယုံကြည်ကိုးစားမှု တိုးမြင့်လာရန်နှင့် နောက်ဆုံးတွင် မီဒီယာသမားတို့၏ ပရော်ဖက်ရှင်နယ်မဆန်မှုကြောင့် ထိခိုက်နစ်နာရသည့် လူတစ်ဦးချင်းစီအား ပြန်လည်ဖြေရှင်းပေးမည့် နည်းလမ်းများ ပံ့ပိုးပေးရန် စနစ်တစ်ခု အလွန်အရေးတကြီး လိုအပ်နေသည်။ စိန်ခေါ်မှု ကြီးကြီးမားမားများ ရှိနေသော်လည်း မြန်မာ့အရေးတင်ဆက်နေသည့် သတင်းမီဒီယာများအတွက် ထိုကဲ့သို့သော စနစ်တစ်ခုကို ထူထောင်နိုင်ခဲ့ပါက ရလဒ်အားဖြင့် အမှန်တကယ် ကောင်းမွန်မည်ဖြစ်သည်။

ဤမှတ်တမ်းသည် ကမ္ဘာတစ်ဝှမ်းရှိ မီဒီယာစည်းမျဉ်းများ၏ အဓိကဝိသေသလက္ခဏာများ၊ အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ချဉ်းကပ်မှုများ၊ မီဒီယာကိုယ်တိုင်ထိန်းကျောင်းခြင်းနှင့် ပူးတွဲညှိနှိုင်းထိန်းကျောင်းခြင်း စည်းမျဉ်းစနစ်များ

(အာဏာသိမ်းမှုမတိုင်မီ သတင်းမီဒီယာဥပဒေအောက်ရှိ စနစ်အမျိုးအစားဖြစ်သည်) ကို အလေးပေးဖော်ပြထားသည်။ ထို့နောက် မြန်မာနိုင်ငံအတွက် ယင်းကဲ့သို့သောစနစ်တစ်ခုကို ဖော်ဆောင်ရာတွင် အထူးထည့်သွင်းစဉ်းစားရမည့်အချက်အချို့ကို မီးမောင်းထိုးပြထားသည်။ အဆုံးစွန်သော ရည်မှန်းချက်မှာ မြန်မာနိုင်ငံအတွက် သတင်းမီဒီယာများ၏ ပရော်ဖက်ရှင်နယ်စည်းမျဉ်းစနစ်တစ်ရပ် ထူထောင်နိုင်ခြေကို ပံ့ပိုးပေးရန် ရည်ရွယ်သည်။